# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၅၉)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ၂၇-၁-၂၀၂၅၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ် အလှူခံရရှိတော်မူမည့် ဘဒ္ဒန္တသေဌ္ဌဉာဏာလင်္ကာရ ဆရာတော်ထံသို့ ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်

ဝမ်းမြောက်စွာလျှောက်ထားအပ်ပါသည်ဘုရား-

ယခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကို ယမန်နှစ်ကုန်ပိုင်းနှင့် ယခုနှစ် နှစ်ဦးအစတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပနေကြောင်း သိရှိရပါသည် ဘုရား။

တပည့်တော်အနေဖြင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး ရက်အရှည်ဆုံး ကျင်းပသည့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ ဘွဲ့တံဆိပ်တော်၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရဆရာတော်များ ပေါ်ထွန်းစေချင်သည့် ဆန္ဒရှိပါသည် ဘုရား။

ထို့ကြောင့်ပင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဆရာတော်ကြီးများ အပြီးသတ်ဆုံးဖြတ်၍ထုတ်ပြန်လာမည့် အောင်စာရင်း စောင့်မျှော်နေခဲ့ရာ ဆရာတော်သည် ယခုနှစ် (၇၇) ကြိမ်မြောက် ကျင်းပသော စာမေးပွဲကြီးတွင် အဘိဓမ္မာ(နောက်ပိုင်း)ဖြစ်သော ယမကနှင့် ပဋ္ဌာနဟူသော ခက်ခဲနက်နဲလှသော ကျမ်းနှစ်ဆူ၏ ခဲရာခဲဆစ်သဘောအဓိပ္ပာယ်များကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သဖြင့်

စာမျက်နှာ ၃ သို့ ○

## တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

(၇၇) ကြိမ်မြောက် တိပိဋကဓရတိပိဋက ကောဝိဒရွေးချယ်ရေး စာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ (၁၇) ပါးမြောက် ဘွဲ့တံဆိပ်တော်မြတ် ရရှိတော်မူသည့် ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၌ ကျင်းပသည်။

စာမျက်နှာ ၃ သို့ ❖



တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ်ရရှိတော်မူသည့် ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဆက်ကပ်လှူဒါန်းစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

၀-၀-၀-၀-၀

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ တနင်္လာနေ့။
မန္တလေး

## ဖြတ်သန်းရမည့် အတွေ့အကြုံများကို သင်ခန်းစာယူတတ်ရမည်

လူသားတိုင်း လူ့ဘဝကို ရောက်လာသည်နှင့် အရာအားလုံးကို မြင်တွေ့ကြားသိလာကြပြီး တဖြည်းဖြည်း သင်ယူတတ်မြောက်ကျွမ်းကျင်လာကြခြင်း ဖြစ်သည်။ လူ့ဘဝဖြတ်သန်းရမည့် အဆိုး၊ အကောင်း၊ အမှား၊ အမှန်၊ အဖြစ်အပျက်တို့၏ အတွေ့အကြုံများကို သင်ခန်းစာယူ၍ ဆင်ခြင်တွေးခေါ် ဆုံးဖြတ်ဆောင်ရွက်လာတတ်ခြင်းဖြစ်သည်။

ထို့ပြင် အမှားများ၊ အပျက်များပေါ်တွင် လူသားတို့အိပ်မောကျနေပါက အမှန်အဖြစ်ကို မည်သို့တွေ့နိုင်ပါမည်နည်း၊ မှားရခြင်း၏ အဖြေကိုရှာဖွေရမည်ဖြစ်သည်။ စူးစမ်းဆင်ခြင်စိတ်ရှိရမည် ဖြစ်သည်။ အမှန်တရားဆိုသည်မှာ အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်သောအရာမျိုးမဟုတ်ပါ။ သယံဇာတတွင်းထွက်ပစ္စည်းကဲ့သို့ တူးဆွယူရမည်လည်း ဖြစ်သည်။ ထို့အတွက် သတ္တိရှိရန်လိုသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယရှိရန်လည်း လိုအပ်မည်ဖြစ်သည်။

မကောင်းသောစိတ်၊ ဆိုးညံ့သောစရိုက်တို့သည် လူသားတို့ကို ဆွဲဆောင်နိုင်စွမ်းရှိကြသည်။ ဆေးလိပ်သောက်ခြင်းသည် မကောင်းမှန်းသိကြ၏။ သို့သော် ဆေးလိပ်စွဲသူများက များပြားလျက်ရှိသည်။ အရက်သောက်ခြင်းသည်လည်း ဆိုးဝါးကြောင်း သိကြ၏။ သို့သော် အရက်မဖြတ်နိုင်သူများက တစ်ပုံတစ်ပင်ကြီး ဖြစ်သည်။ ထို့အတူ အပျော်အပါး လောင်းကစားတို့သည် ကျန်းမာရေး၊ လူမှုရေးတို့ကို ထိခိုက်နစ်နာစေနိုင်ကြောင်း လူတိုင်း သိကြ၏။ သို့သော် မရှောင်နိုင်မရှားနိုင်ဘဲ တစ်ဝဲလည်လည်နှင့် မိုက်တွင်းနက်နေကြသူ များစွာရှိပါသည်။ ထိုသူများ၏ ဘဝမည်သို့မျှ တင့်တယ်ခိုင်မာ၍ ကျက်သရေမင်္ဂလာ ရှိလာမည်မဟုတ်ပါ။ အမှားကို အမှန်ပြင်နိုင်သူသည်သာ လူလိမ္မာဖြစ်မည်။ မကောင်းမှုကို ပြုပြင်ရာတွင် အချိန်နှောင်းသွားပြီဟူ၍ မရှိပါ။ ပြုပြင်စိတ်ရှိရန်သာ လိုအပ်မည် ဖြစ်သည်။ ဘဝသည် ပြီးဆုံးသွားပြီဟူ၍လည်း မရှိပါ။ ငါ့ဘဝကတော့ သွားပါပြီဟုဆိုရာ အရှုံး၏နောက်တွင် ဘဝကို ရေစုန်မျောမပစ်သင့်ပါ။ လောကတွင် လူသားတိုင်း ရင်ဆိုင်ကြုံတွေ့ရမည့် အချိန်ကာလများရှိသည်။ အဆိုပါ အချိန်ကာလများကို အရှုံးမပေးဘဲ ရဲရဲကြီးကျော်ဖြတ်ဖို့ လိုအပ်မည်ဖြစ်သည်။ အောင်မြင်မှုနှင့် လွဲချော်ပြီး ဆုံးရှုံးမှုနှင့် ရင်ဆိုင်ရလျှင်လည်း အရှုံးကိုလက်ခံပြီး အောင်မြင်မှုရရှိနိုင်ရန် လူသားတိုင်း ကြိုးစားခွင့်ရှိပါသည်။

ဘဝတွင် အဆိုးကိုချည်းကြုံတွေ့ရသည်မဟုတ်ပါ။ အဆိုးပြီးလျှင် အကောင်းဘက်ကို ရောက်လာမည်ဖြစ်သည်။ ပြုပြင်၊ပြင်ဆင် ပြောင်းလဲရန်သာ လိုအပ်မည်ဖြစ်သည်။ မည်သည့်အရာမှ မဖြစ်နိုင်ဟူ၍ မရှိပါ။ သို့သော် မည်သည့်အရာမဆို ဖြစ်နိုင်သည်ဟူ၍လည်း မဆိုလိုပါ။ မိမိအခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် ပြုပြင်ဖန်တီးပုံဖော်ကြိုးစားရမည် ဖြစ်သည်။

လူ့လောကတွင် ဘဝနှင့်ပတ်သက်သည့် စိတ်ဓာတ်အပေါက်အပြဲ၊ အတွေးခေါ်အပေါက်အပြဲ စသည်တို့ကို အစုတ်အနုတ်ဘဝသို့ ရောက်ရှိမသွားစေရန် အချိန်မီ ဖာထေးချုပ်လုပ်ရမည်လည်း ဖြစ်သည်။ သို့မဟုတ်ပါက ဘဝတစ်ခုလုံး အပေါက်အပြဲများနှင့် ဂုဏ်သိက္ခာမဲ့စွာ လူလုံးမလှဖြစ်ရပေလိမ့်မည်။ လူတစ်ယောက်၏ ဘဝတွင် မလိုလားအပ်သော အပေါက်အပြဲများကို မမေ့မလျော့ မပေါ့မဆသတိတရားအပ်ပြီး အချိန်မီဖာထေးချုပ်လုပ်ပါမှ နဂိုမူလအခြေအနေမှန်သို့ ပြန်လည်ရောက်ရှိသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်း ကိုယ့်ကိုယ်ကိုယ် အမြဲဝေဖန်ဆန်းစစ်ကြည့်ရမည်ဖြစ်သည်။ မိမိကိုယ်တိုင် လူ့ဘဝဖြတ်သန်းရမည့် အတွေ့အကြုံများကို သင်ခန်းစာယူပြီး တကယ်မှားနေလျှင် တွန့်ဆုတ်မနေဘဲ ချက်ချင်းပြုပြင်ရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ




**ကျောက်ဆည် ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်) အောင်ဆန်းခန်းမတွင် ယနေ့ နံနက် ၉ နာရီက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ (၁၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းက သက်ဆိုင်ရာဘွဲ့အသီးသီးကို ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု သက်ဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့က ကြေညာခြင်းခံရသူများအား ဘွဲ့လက်မှတ်များအပ်နှင်းရန်အတွက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့က ထောက်ခံချက်ပေးပြီးဖြစ်သောဘွဲ့များကို မောင်မယ်တို့အား အပ်နှင်းပြီးသောအခါ နေ့စဉ်နေ့တိုင်း ပြောဆိုနေထိုင်မှု၌ နည်းပညာတက္ကသိုလ်(ကျောက်ဆည်) ဘွဲ့ရများနှင့်အညီ ဆီလျော်ထိုက်တန်စွာ ပြောဆိုနေထိုင်ကြရန်၊ ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် မွန်မြတ်သောပညာရှာမှီးမှုတို့ကို အခွင့်အရေးအစွမ်းသတ္တိရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားရန်၊ ပြည်သူတစ်ရပ်လုံး ငြိမ်းချမ်းသာယာဝပြောရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းသတ္တိရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားရန် ကတိပြုစေပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်နှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကောင်းစွာပေါက်မြောက်အောင်မြင်ခဲ့သော မဟာအင်ဂျင်နီယာဘွဲ့ရ ၂၀ ဦး၊ အင်ဂျင်နီယာဘွဲ့ရ ၁၃၅ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၂၂ ဦး၊ သိပ္ပံဘွဲ့ ၄ ဦး စုစုပေါင်း ဘွဲ့ရရှိသူ ၁၈၂ ဦးအား ဘွဲ့လက်မှတ်များ အပ်နှင်းခဲ့သည်။

ထို့နောက် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းက ဘွဲ့ဒီဂရီအသီးသီး ဆွတ်ခူးရုံမျှဖြင့် ဘဝပန်းတိုင်ပြီးဆုံးပြီဟု မမှတ်ယူကြဘဲ အင်ဂျင်နီယာနှင့် သိပ္ပံပညာရပ်ဆိုင်ရာ အခြေခံကောင်းများအပေါ်မူတည်၍ လုပ်ငန်းခွင်၌ အသုံးချနိုင်အောင် ဆက်လက်ဆည်းပူးလေ့လာသွားကြရန်၊ ကျေးဇူးသစ္စာစောင့်သိပြီး လောကနီတိတရားများ ကိုယ်ကျင့်တရားများအပေါ် လေးစားကျင့်ကြံနေထိုင်၍ လေးစားထိုက်သည့် တက္ကသိုလ်ဂုဏ်ဆောင်အင်ဂျင်နီယာပညာရှင်၊ သိပ္ပံပညာရှင်များဖြစ်အောင် ကြိုးစားသွားရန် စသည့် ဆုမွန်ကောင်းစကားများ ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းများ ရိုက်ခဲ့ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀

၀-၀-၀

## မိတ္ထီလာကန်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်




**မိတ္ထီလာ ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ သမိုင်းဝင် မိတ္ထီလာကန်၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ အမှိုက်များစနစ်တကျစွန့်ပစ်ရေး၊ ပလတ်စတစ်သုံးစွဲမှု လျော့ကျရေးနှင့် ကင်းစင်ရေးတို့ကို အသိပညာပေးနှိုးဆော်သည့် ရည်ရွယ်ချက်ဖြင့် ယမန်နေ့ နံနက်ပိုင်းက ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ စုပေါင်းဆောင်ရွက်ခဲ့သည်။ (ဓာတ်ပုံ)

ထိုသို့ စုပေါင်းဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်ဇေယျ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနပေါင်းစုံမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက နန်းတော်ကုန်းရပ်ကွက် မိတ္ထီလာမြောက်ကန်အနောက်ထိပ်နေရာမှ အရှေ့ပြင်စျေးရပ်ကွက် မိတ္ထီလာမြောက်ကန် အရှေ့ဘက်ထိပ်နေရာရှိ အမှိုက်များ ကောက်ယူသိမ်းဆည်းခြင်း၊ ချုံငယ်များ ခုတ်ဖြတ်ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၄၅၃)

## မြစ်သားမြို့နယ်တွင် ကောက်ရိုးထုံးစက်ကိရိယာနှင့်ရိုးပြတ်ဖြတ်စက်ကိရိယာများဖြင့် ကောက်ရိုးထုံးခြင်းနှင့် ရိုးပြတ်ဖြတ်ခြင်းများ တောင်သူပညာပေးသရုပ်ပြပွဲ ကျင်းပ

**မြစ်သား ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ရွှေပေါက်ကျွန်းကျေးရွာ ကွင်းအမှတ်(၄၈၀)၊ ဦးပိုင်အမှတ်(၁၆)၊ တောင်သူ ဦးနှင်းအောင်ချမ်း၏ (၃)ဧက စပါးစိုက်ကွင်းတွင် မြစ်သားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၆၄)၊ စက်မှုလယ်ယာစခန်းမှ ဦးစီးကျင်းပသော ကောက်ရိုးထုံးစက်ကိရိယာနှင့် ရိုးပြတ်ဖြတ်စက်ကိရိယာများဖြင့် ကောက်ရိုးထုံးခြင်းနှင့်ရိုးပြတ်ဖြတ်ခြင်းများ တောင်သူပညာပေးသရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။

ကွင်းသရုပ်ပြပွဲတွင် မြစ်သားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၆၄)၊ စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးဌာနမှူး ဦးရားကိုင်ထန်းက ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ သီးထပ်စိုက်သော တောင်သူများအား စက်စွမ်းအားကို အသုံးပြုပြီး အချိန်နှင့်တစ်ပြေးညီရိတ်သိမ်းပြီး စပါးခင်းများအား ကောက်ရိုးထုံးခြင်း၊ ရိုးပြတ်ဖြတ်ခြင်း၊ ထယ်ရေးဝင်နိုင်အောင် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကဝန်ဆောင်မှုပေးနေသော စက်ပိုင်ရှင်များအနေဖြင့် လယ်ယာလုပ်ငန်းခွင်တွင် သမရိုးကျနည်းများဖြင့် မဟုတ်ဘဲ နည်းပညာသစ် လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် ယခုလက်ရှိ အသုံးပြုနေသော ကောက်ရိုးထုံးစက်ကိရိယာနှင့် ရိုးပြတ်ဖြတ်စက်ကိရိယာအသုံးပြုကာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ကြောင်းနှင့် ရိုးပြတ်ဖြတ်ကိရိယာ(Rotary Mulcher) အသုံးပြုခြင်းနှင့် ကောက်ရိုးထုံးစက်ကိရိယာ(Round Baler) အသုံးပြုခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို စပါးစိုက်တောင်သူများအား လက်တွေ့သရုပ်ပြပွဲပြသကာ ပညာပေးရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးမိုးကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးရားကိုင်ထန်းနှင့်ဝန်ထမ်းများ၊ ရွှေပေါက်ကျွန်းကျေးရွာရှိ ဒေသခံစပါးစိုက်တောင်သူ စုစုပေါင်း(၅၀)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ရဲနိုင်ဦး(မြန်/ဆက်)

၀-၀-၀-၀-၀

၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❍ ရှေ့ဖုံးမှ

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ် ထီးဖြူတော်(၃)လက်အမှတ်တံဆိပ်ပါ သာသနာ့အောင်လံတော်ကို ခံယူရရှိမည်ဖြစ်သောကြောင့် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ကာ ဖရဏာပီတိဂွမ်းဆီထိသကဲ့သို့ ခံစားရပါသည် ဘုရား။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အချက်အလက်များအရ ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရွာဗုကြီးရွာတွင် ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၆၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ စော်ဘွားလေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစာရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း၊ ဆရာတော်သည် ဂဏဝါစက သာမဏေကျော်၊ ပရိယတ္တိသာသနာ့လင်္ကာရ သာမဏေကျော်၊ ပရိယတ္တိ သဒ္ဓမ္မရက္ခိတ သာမဏေကျော်၊ မင်္ဂလာဗျူဟာ သာမဏေကျော်၊ ပရိယတ္တိသာသနဟိတ သာမဏေကျော်များ၊ ၁၃၆၁ ခုနှစ်တွင် ပထမကြီးတန်း (ရန်ကုန်တိုင်းဒေသကြီး ပထမ၊ တစ်နိုင်ငံလုံးဒုတိယ) သာသနဓဇဓမ္မာစရိယ၊ နိကာယဇ္ဈေတကေ ဝိနယဓရဓမ္မာစရိယ၊ နိကာယဇ္ဈေတကေ အဋ္ဌဝိသာရဒ ဒီဃဘာဏက၊ နိကာယဝုမိုသမိတိ ဝိနယ ကောဝိဒ၊ နိကာယဝုမိုသမိတိ ဒီဃနိကာယကောဝိဒ၊ ပရိယတ္တိ သာသန ဟိတဝိနယဓရ၊ ပရိယတ္တိသာသနဟိတ ဒီဃဘာဏက၊ ကျောင်းတိုက်စာမေးပွဲ မဟာဂန္ဓဝံသဒီဃာဂမ၊ မဟာဂန္ဓဝံသ မူလအဘိဓမ္မာဂမ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ အဘိဓမ္မဝိဒူ-၁/၂၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဒီဃ ဘာဏက၊ ဒီဃနိကာယကောဝိဒ၊ မူလအာဘိဓမ္မိက၊ မူလအဘိဓမ္မကောဝိဒ စသည့်ဘွဲ့တော်များ အောင်မြင်ရရှိတော်မူပြီး ဆက်လက်၍ အားထုတ်တော်မူရာ ၁၃၇၉ ခုနှစ် ကျင်းပသော အကြိမ် (၇၀) မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်သုံးပုံဟုဆိုအပ်သော ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို ခက်ခဲနက်နဲစွာ လေ့လာကျက်မှတ်၍ သတ်မှတ်အချိန် သတ်မှတ်ရက်အတွင်း သတ်မှတ်စာမျက်နှာ သတ်မှတ်ကျမ်းစာများကို အာဂုံပြန်ဆိုနိုင်ခဲ့ပြီး အာဘိဓမ္မိကဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူခဲ့ကြောင်း သိရှိရပါသည် ဘုရား။

> ❝နိုင်ငံတော်မှ ဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိသာသနာတော်အတွက် တပည့်ရဟန်းသံဃာများအား စာပေပို့ချခြင်း စသော သာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် (၁၇) ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းလျှောက်ထား❞

တပည့်တော်များ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက် ယခုနှစ်ကျင်းပသော (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်တော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယများလာ ခက်ခဲနက်နဲသော သဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏ သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်မှ ဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိ သာသနာတော်အတွက် တပည့်ရဟန်း သံဃာများအား စာပေပို့ချခြင်း စသော သာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် (၁၇) ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းလျှောက်ထားအပ်ပါသည် ဘုရား။

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❖ ရှေ့ဖုံးမှ

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဖတ်ကြားလျှောက်ထားပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသေဋ္ဌညာဏာလင်္ကာရ ထံ ဆက်ကပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မ အလှူတော်ငွေများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## ဒုတိယဝန်ကြီး ဦးထိန်လင်း ယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်မည့်အိပ်ဆောင်များ၊ ဧည့်ခံကျွေးမွေးမည့်နေရာနှင့် ချက်ပြုတ်ပြင်ဆင်မည့်နေရာများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် လာရောက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ တည်းခိုနေထိုင်မည့် နေပြည်တော်



အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)ရှိ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားသောက်မည့် နေရာများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်း ရောင်းချမည့် ဆိုင်ခန်းနေရာများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ Cluster - 9 စားရိပ်သာရှိ ချက်ပြုတ်ပြင်ဆင်မည့် နေရာများနှင့် အသီးအရွက် သိုလှောင်ထားရှိမည့် အခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တိပိဋကပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်း ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ယခုဆောင်ရွက်လျက်ရှိသော လုပ်ငန်းကြီးမှာ ထေရဝါဒဗုဒ္ဓသာသနာ ကမ္ဘာသို့ပျံ့နှံ့စေရန် လွန်စွာမှပင် အထောက်အကူပြုသည့် “ရတနာသိုက်ကြီးတစ်ခု”ကို ဖန်တီးတည်ဆောက်နေခြင်းပင်ဖြစ်



ရန်ကုန် ဇန်နဝါရီ ၂၆

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က ဆောင်ရွက်လျက်ရှိသည့် တိပိဋကပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်း ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြား ဆရာတော်ကြီးများ၊ တိပိဋကပါဠိ-မြန်မာ အဘိဓာန် ဘာသာပြန်ဆိုရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယပါမောက္ခချုပ်(စီမံ) နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်က အဖွင့်ဩဝါဒကထာ မိန့်ကြားတော်မူပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အနေဖြင့် အဘိဓာန်ကျမ်းစာအုပ်များအား ၂၀၁၇ ခုနှစ်တွင် VOLUME-I (A-Ulurāja) အား ပထမအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀၊ ၂၀၂၃ ခုနှစ်တွင် VOLUME-II (Ka-Kvaci) အား အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထုတ်ဝေပြီးဖြစ်သော VOLUME-II အတွဲအမှတ် ၅ မှ ၈ အထိတွင် စာအုပ်အဖြစ် ထုတ်ဝေရန် ကျန်ရှိနေသည့် တည်ပုဒ်ပေါင်း ၃၀၀၂ ပုဒ်အား VOLUME-III အဖြစ် ထုတ်ဝေနိုင်ရန်လည်းကောင်း၊ အတွဲအမှတ် ၉ မှ ၁၂ အထိ ဘာသာပြန်ဆိုရန် ပုဒ်ပေါင်း ၄၃၉၀ ရှိသည့်အနက် ဘာသာပြန်ဆိုပြီး ပုဒ်ပေါင်း ၃၈၀၅ ပုဒ်တို့ကိုလည်း ပိုမိုသန့်စင်သည့် ဘာသာပြန်ဆိုပြီးသော တည်ပုဒ်များအဖြစ်လည်းကောင်း စိစစ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ ယခုဆောင်ရွက်လျက်ရှိသော လုပ်ငန်းကြီးမှာ ထေရဝါဒဗုဒ္ဓသာသနာ ကမ္ဘာသို့ပျံ့နှံ့စေရန် လွန်စွာမှပင် အထောက်အကူပြုသည့် “ရတနာသိုက်ကြီးတစ်ခု”ကို ဖန်တီးတည်ဆောက်နေခြင်းပင် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အဋ္ဌကထာ၊ ဋီကာကျမ်း စာအုပ်များ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများ၊ ပိဋကတ်သုံးပုံပါဠိတော်အား အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်ရေးလုပ်ငန်းများ၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်းများနှင့် သဗ္ဗဓေယျမင်္ဂလာပရိတ်တော်နှင့် ပါဠိ-မြန်မာ ဗုဒ္ဓစာပေများ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းများအား ဆောင်ရွက်ရာမှာ စေတနာရှင်ရဟန်းရှင်လူ ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အဆိုပါ အလှူငွေများ ရရှိစေရန်အတွက်လည်း ပြည်တွင်း ပြည်ပမှ အလှူရှင်များအား မိမိတို့ ဆောင်ရွက်လျက်ရှိသော “သမိုင်းတွင်မည့် မဟာကုသိုလ်တော်လုပ်ငန်းကိစ္စရပ်များ”အကြောင်း ပိုမိုကျယ်ပြန့်စွာ သိရှိစေရန်အတွက် လက်ကမ်းစာစောင်များအား အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း အရေအတွက် ထောင်နှင့်ချီ၍ ရိုက်နှိပ်ဖြန့်ဝေလျက်ရှိပါကြောင်း၊ အလှူရှင်များကလည်း စေတနာထက်သန်စွာဖြင့် ဝန်ကြီးဌာနသို့ အလှူငွေများ ပေးပို့လှူဒါန်းလျက်ရှိပါကြောင်း၊ သို့ဖြစ်ရာ ယခုဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်ကိစ္စရပ်များအား ဝိုင်းဝန်းသုံးသပ်ဆွေးနွေးပေး တော်မူကြပါရန် လျှောက်ထားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဇော်ဇော်ဦးက တိပိဋကပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်း တိုးတက်မှုများကို ရှင်းလင်းတင်ပြလျှောက်ထားရာ အစည်းအဝေး တက်ရောက်လာကြသည့် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော်နှင့် ပါမောက္ခဆရာတော်များက ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ ဖြည့်စွက်ဆွေးနွေးလျှောက်ထားပြီး ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားတော်မူသည်။ အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီမှ သင်ကြားဆရာတော်၊ သီလရှင်များကို နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာ-ဘာရာဇီးလ် နှစ်နိုင်ငံအကြား စတုတ္ထအကြိမ် နိုင်ငံရေးရာဆွေးနွေးပွဲ တက်ရောက်ရန် ဘာရာဇီးလ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဘာရာဇီးလ်နိုင်ငံ ဘာရာဇီးလျားမြို့၌ ကျင်းပမည့် မြန်မာ-ဘာရာဇီးလ်နှစ်နိုင်ငံအကြား စတုတ္ထအကြိမ် နိုင်ငံရေးရာဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ဘာရာဇီးလ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ၂၀၂၅ ခုနှစ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုင်းတုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူက မြို့နယ်စားပွဲတင် တင်းနစ်ပြိုင်ပွဲဆပ်ကော်မတီအား ချီးမြှင့်ငွေများပေးအပ်ပြီး ပြိုင်ပွဲအား အဓိကကူညီပံ့ပိုးပေးသည့် WIN KTG ငွေလွှဲ၊ ငွေထုတ်လုပ်ငန်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။



ထို့နောက် ကျိုင်းတုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုင်းဆမ်တစ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အားကစားမှူး ဦးစိုင်းသိန်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း အသင်းလိုက် ပြိုင်ပွဲ၊ အမျိုးသားအခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းပေါင်းစုံပြိုင်ပွဲ၊ အမျိုးသားအကြီးတန်း၊ အလတ်တန်း၊ လူသစ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အသက်(၁၆)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲများတွင် အသင်းလိုက်နှင့် တစ်ဦးချင်း ဆုရရှိသည့် သူများအား ဆုတံဆိပ်၊ ငွေသားဆု၊ ဆုဖလားများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## မန္တလေးဈေးကွက်အတွင်း အဝင်များလာသည့် လိမ္မော်သီးဈေးကွက်

လိမ္မော်သီးထွက်ရှိရာ ဒေသများဖြစ်ကြသည့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကလောမြို့၊ အောင်ပန်းမြို့၊ ညောင်ရွှေမြို့နှင့် ပြင်ဦးလွင်မြို့များမှ လိမ္မော်သီးများ မန္တလေးမြို့သို့ ဝင်ရောက်လျက်ရှိပါသည်။

လိမ္မော်သီးများကို မန္တလေးမြို့တွင်းရှိ သစ်သီးပွဲရုံများမှ တစ်ဆင့်ဝယ်ယူကြပြီး မြို့တွင်းရှိ ဈေးများနှင့် လမ်းဘေးဈေးသည်များမှ အများအပြားရောင်းချလျက်ရှိသည်။

လိမ္မော်သီးကို ကျန်းမာရေးအတွက်လည်း စားသုံးနိုင်သလို သရေစာအဖြစ်လည်း စားသုံးကြကြောင်း၊ လိမ္မော်ဖျော်ရည်အဖြစ်လည်း သောက်သုံးနိုင်ကြောင်း၊ လိမ္မော်သီးကို စားသုံးခြင်းဖြင့် ကိုလက်စထရောကိုကျစေခြင်း၊ ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်ခြင်း၊ နှလုံးကျန်းမာစေခြင်း၊ ဝမ်းချုပ်ခြင်းကို သက်သာနိုင်စေခြင်း၊ အမြင်အာရုံကို ကောင်းမွန်စေနိုင်ခြင်း၊ သွေးတိုးကျစေနိုင်ခြင်း၊ အရေပြားကျန်းမာရေးအတွက် ကောင်းမွန်ခြင်း၊ အဆစ်အမြစ်ရောင်ခြင်း၊ ကိုက်ခြင်းတို့ကို သက်သာစေခြင်းနှင့် အစာခြေစနစ်ကို ကူညီပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ရောင်းချနေသော လိမ္မော်သီးအမျိုးအစားများမှာ ပျားလိမ္မော်သီး၊ ရွှေလိမ္မော်သီးနှင့် ရိုးရိုးလိမ္မော်သီးဟူ၍ ရှိပြီး ရိုးရိုးလိမ္မော်သီးမှာ အရွယ်အစားအလိုက် လိမ္မော်သီး (၁)လုံးလျှင် ငွေကျပ် ၅၀၀-၆၀၀-၇၀၀၊ ပျားလိမ္မော်သီး (၂၅)ကျပ်သားလျှင် ငွေကျပ် ၂၅၀၀နှင့် ရွှေလိမ္မော်သီး (၂၅)ကျပ်သားလျှင် ငွေကျပ် ၃၀၀၀ ကျပ် အသီးသီး ပေါက်ဈေးရှိကြောင်း လိမ္မော်သီးရောင်းချသူများနှင့် သစ်သီးဆိုင်များထံက သိရသည်။

ရွှေမန်း

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ချမ်းအေးသာစံမြို့နယ်၊ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်ကြီးအား သွားရောက်ဖူးမြော်၊ ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်နေမှုအား ကြည့်ရှု



**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၇ နှစ်၊ ဝါတော် ၇၇ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးသည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူပြီး ကျန်းမာရေးအခြေအနေကောင်းမွန်၍ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်ကြီးရှိ မူလသိမ်ကျောင်းတော်ကြီး၌ ပြန်လည်သီတင်းသုံးတော်မူလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများလိုက်ပါပြီး မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်ရှိ မူလသိမ်ကျောင်းတော်ကြီးသို့ သွားရောက်ကာ သက်တော်ရှည်ဆရာတော်ကြီး ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်စွာဖြင့် သီတင်းသုံးတော်မူနေမှုကို ကြည့်ရှုဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်၍ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ သက်တော်ရှည်ဆရာတော်ကြီး၏ ဝိဇာယန မွေးနေ့မင်္ဂလာအခမ်းအနားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၊ သာသနဟိတကာရီဓမ္မဗိမာန်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင် မိတ္ထီလာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်များအတွင်းရှိ နွေနှမ်းသီးနှံ စိုက်ဧကများ ပန်းတိုင်အထွက်ရရှိရေး နွေနှမ်းသီးနှံစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံ



**မိတ္ထီလာ ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာ ဝန်ကြီး ဦးရွှေဇင် မိတ္ထီလာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်များ အတွင်းရှိ နွေနှမ်းသီးနှံစိုက်ဧကများ ပန်းတိုင်အထွက် ရရှိရေး နွေနှမ်းသီးနှံစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်က မိတ္ထီလာမြို့နယ် ချောက်ပင်ကျေးရွာတွင် ကျင်းပသည်။

တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်က နွေနှမ်းသီးနှံစိုက် တောင်သူများ ပန်းတိုင်အထွက်ရရှိရေး စိုက်ပျိုးရာတွင် လိုအပ်သည့် မျိုးစေ့၊ ကာကွယ်ဆေး၊ မြေယာပြုပြင်ခြင်း၊ ရေပေးနိုင်သည့်အခြေအနေ၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် စိုက်ပျိုးရေးတောင်သူများ စိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲများသိရှိရန် လာရောက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီး မြေပြင်ကွင်းဆင်း ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက နွေနှမ်းသီးနှံ ပန်းတိုင်အထွက်ရရှိရေး အထွက်နှုန်းကောင်းသည့် မျိုးစေ့၊ စိုက်နည်းစနစ်၊ ရေပေးနိုင်မည့် အခြေအနေများ၊ သီးနှံကာကွယ်ဆေးနှင့် ဓာတ်မြေသြဇာထည့်သွင်းခြင်း အခြေအနေများ၊ လယ်မြေပြုပြင်ခြင်းလုပ်ငန်းများ၊ လယ်ယာမြေများနှင့် ပတ်သက်သည့် ဥပဒေအကြောင်းအရာများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးစရိတ်နှင့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဒေသခံပြည်သူများက စိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာ ဝန်ကြီး ဦးရွှေဇင်က နိဂုံးချုပ်ပြောကြားရာတွင် မိတ္ထီလာခရိုင်တွင် စိုက်ပျိုးနိုင်သည့် စိုက်ဧက ၆၀၀၀၀၀ ရှိသည့်အနက် စိုက်ဧက ၃၀၀၀၀ သာ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ရာ ၎င်းရေပေးနိုင်သည့် စိုက်ဧကများ သတ်မှတ်စိုက်ဧကပြည့်မီရေးနှင့် စိုက်ပျိုးထားသည့် စိုက်ဧကများ ပန်းတိုင်အထွက်ရရှိရေး စိုက်ပျိုးရေး၊ စိုက်စရိတ်၊ မျိုးစေ့၊ ကာကွယ်ဆေး၊ ဓာတ်မြေသြဇာ၊ နည်းပညာများပေးသွားမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲရှိလာပါက ကျေးရွာအုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဖုန်းဆက်တင်ပြပေးစေလိုကြောင်း၊ ဒေသခံတောင်သူများက စိုက်ပျိုးလို့ရရှိသည့် စိုက်ဧကများ သတ်မှတ်စိုက်ပျိုးနည်းစနစ်အတိုင်း အားလုံးဝိုင်းဝန်းစိုက်ပျိုးကြစေလိုကြောင်း၊ ဒါမှသာ သတ်မှတ်အထွက်နှုန်းရရှိပြီး ပြည်တွင်းစားနပ်ရိက္ခာဖူလုံမည်ဖြစ်သည့်အပြင် ကုန်ဈေးနှုန်းလည်း ကျဆင်းလာမည်ဖြစ်ပါကြောင်း၊ ဒါ့အပြင် ပိုလျှံသီးနှံများအား နိုင်ငံခြားသို့ တင်ပို့ပါက နိုင်ငံခြားငွေရရှိမှာဖြစ်ပါကြောင်း ဒါ့ကြောင့် ဒေသခံတောင်သူများ သတ်မှတ်စိုက်ဧကများ သတ်မှတ်နည်းပညာအတိုင်း စိုက်ပျိုးကြရန် ပြောကြားခဲ့သည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် တာဝန်ရှိသူများက စက်မှုလယ်ယာဦးစီးဌာနမှ လယ်ထွန်စက်များဖြင့် လယ်ယာမြေပြုပြင်နေမှုအား ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်သည် ဝမ်းတွင်းမြို့နယ်အတွင်းရှိ ရေတွင်းကျေးရွာ၊ ဒိုင်ကောင်းကုန်းကျေးရွာနှင့် ရွှေတောင်ကျေးရွာများမှ နွေနှမ်းသီးနှံစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံ၍ နွေနှမ်းသီးနှံစိုက်ဧကများ ပန်းတိုင်အထွက်ရရှိရေး ဒေသခံတောင်သူများ စိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ယင်းနောက် ဝမ်းတွင်းမြို့နယ် ကင်းတားဆည်ရေသောက်စနစ်အတွင်း စမုံရေငုပ်ပြွန်အသစ်ပြန်လည်တည်ဆောက်နေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုခဲ့ရာ ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနမှ မြစ်သားမြို့နယ်ဦးစီးမှူး ဦးတင်မြင့်အောင်က တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် စိုက်ပျိုးရေပေးဝေနိုင်မည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၄၆၉)**

# ရပ်စောက်မြို့ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအား ကြီးကြပ်ဆောင်ရွက်

**ရပ်စောက် ဇန်နဝါရီ ၂၆**

ရပ်စောက်မြို့၊ မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရန် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် မြို့တွင်း လမ်းများ၊ ရပ်ကွက်၊ ဈေးများ သန့်ရှင်းရေးလုပ်ငန်းများအား စီမံချက်ချမှတ်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ရပ်စောက်မြို့နယ် စည်ပင်သာယာရေးဌာနမှ ပြည်ထောင်စုလမ်းမကြီးတွင် လမ်းဘေးဝဲ၊ ယာ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ ဆယ်ယူခြင်း၊ စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) (ကဆ)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် (၇၆)ကြိမ်မြောက် အိန္ဒိယသမ္မတနိုင်ငံတော်နေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်


**မန္တလေး ဇန်နဝါရီ ၂၆**

(၇၆)ကြိမ်မြောက် အိန္ဒိယသမ္မတနိုင်ငံတော်နေ့ (Republic Day)အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ Golden Duck ခန်းမတွင် ယနေ့ညနေပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Mr. Sundeep Kaushal မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် H.E. Ms. Gao Ping နှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နှစ်နိုင်ငံချစ်ကြည်ရေး နိုင်ငံတော်သီချင်းများဖြင့် ဂုဏ်ပြုကာ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး အိန္ဒိယကောင်စစ်ဝန်ချုပ် H.E. Mr. Sundeep Kaushal က အိန္ဒိယသမ္မတနိုင်ငံတော်နေ့နှင့်ပတ်သက်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က (၇၆)ကြိမ်မြောက် အိန္ဒိယသမ္မတနိုင်ငံတော်နေ့အတွက် ဂုဏ်ပြုစကားနှင့် နှစ်နိုင်ငံအကြား ပိုမိုချစ်ကြည်ရင်းနှီးမှုများ ဆတက်ထမ်းပိုးခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်းတောင်းစကားများ ပြောကြားပြီးနောက် အိန္ဒိယယဉ်ကျေးမှုအဖွဲ့များမှ အိန္ဒိယနိုင်ငံ၏ရိုးရာယဉ်ကျေးမှုအကများနှင့် တေးသီချင်းသီဆိုမှုများဖြင့် ဂုဏ်ပြုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)










# ရှာငံမြို့နယ် ကျောက္ကူပြင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် လူငယ်စကားဝိုင်း ကျင်းပ

**ရှာငံ ဇန်နဝါရီ ၂၆**

မျိုးဆက်သစ် လူငယ်လူရွယ်များကို နိုင်ငံ့သားကောင်းများဖြစ်လာစေရန်၊ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပစာပေ ဗဟုသုတများ ကြွယ်ဝလာစေရန်၊ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလဟူသော ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အနာဂတ်ခေါင်းဆောင်လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပပြုလုပ်သည့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ကျောက္ကူပြင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်က အမှာစကားပြောကြားရာ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးပြီး အသိပညာဗဟုသုတတိုးပွားစေရန်၊ စကားပြော အတတ်ပညာများကျွမ်းကျင်တတ်မြောက်ပြီး လူအများရှေ့တွင် မိမိ၏အတွေးအမြင်များကို ရဲရဲဝံ့ဝံ့ပြောဆိုဆွေးနွေးတတ်စေရန်၊ လူငယ်စကားဝိုင်းများတွင် တက်ရောက်နားထောင် ဆွေးနွေးကြသည့် လူငယ်များအနေဖြင့် အသိပညာဗဟုသုတများရရှိ၍ အပြန်အလှန်ဆွေးနွေးတတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ လူငယ်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နီနီမြင့်က စကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး လူငယ်စကားဝိုင်းကို ရှာငံမြို့နယ်၊ ကျောက္ကူပြင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ မောင်စစ်ဘုန်းခိုင်(Grade-10)က လူငယ်နှင့်ဆိုရှယ်မီဒီယာအကြောင်း၊ မောင်စိုးရန်ထွန်း (Grade-9)က လူငယ်နှင့် မူးယစ်ဆေးဝါးအကြောင်း၊ မခွန်းချိုသူ(Grade-9)က လူငယ်နှင့် လူကုန်ကူးမှုအန္တရာယ်၊ မဇင်ဇင်ဖြိုး(Grade-11)က လူငယ်နှင့်စာပေ၊ မစန်အငြေး (Grade-11)က လူငယ်နှင့်ကိုယ်ကျင့်တရားအကြောင်းများဖြင့် အသီးသီး ဆွေးနွေးခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ ၎င်းတို့၏အမြင်များကို ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် လူငယ်စကားဝိုင်းသို့ တက်ရောက်ဆွေးနွေးသည့် ကျောင်းသား ၊ကျောင်းသူများကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ခဲ့ကြောင်း သိရသည်။

(၃၃၈)

၀-၀-၀-၀-၀

၀-၀-၀



# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ခမင်းဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၂၆

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ခမင်းဆိပ်ကျေးရွာသို့ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဖျာပုံမြို့နယ် ခမင်းဆိပ်ကျေးရွာရှိ ဆုတောင်းပြည့် အဏ္ဏဝါဦးစေတီတော်မြတ်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၃၅ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၃ ဦး၊ ခွဲစိတ်ရောဂါ ၂၀၊ သားဖွား/မီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၂၀၊ အရိုးရောဂါ ၆၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၁၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ခုနစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၂၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာရှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ကြားသိခဲ့ရပါသည်။





ကျွန်တော်က အဆစ်အမျက်ရောဂါရှိလို့ လာရောက်ပြသခြင်းဖြစ်ပါတယ်။ အဆစ်အမျက်နာနေတာတော့ လေးငါးခြောက်နှစ်ရှိပါပြီ။ အခုတော့ ကျန်းမာရေးအရမြို့တွေ ဘာတွေသွားမပြဘဲ အခုလိုအလွယ်တကူ ပြလို့ရတဲ့အတွက် အလွန် ကျေးဇူးတင်ပါတယ်။ အခမဲ့လာကုသပေးတဲ့ ဆရာဝန်ကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်။

အရိုးအကြောကို ပြမှာပါ။ ပြောရမယ်ဆိုရင် ဒီမှာက အကုန်လုံးက အဆင်ပြေပါတယ်။ ချော်လဲထားတော့ အရိုးအဆစ်ကနာတာ အခုလက်ကနောက်ကို ပစ်လို့မရဘူး။ ကျွန်မတို့ဆီမှာက အရိုးအကြောဖြစ်တာများတယ်။ မျက်လုံးနဲ့ပတ်သက်တဲ့ ရောဂါတွေဖြစ်တာများတယ်။ ဆေးရုံ၊ ဆေးခန်းတွေသွားမယ်ဆိုရင် ကုန်ကျစားရိတ်တွေက အများကြီးရှိတယ်။ ဒီမှာကျတော့ ကုန်ကျစရိတ်အများကြီး သက်သာမယ်။ အဝေးကိုသွားမပြနိုင်တဲ့ လူတွေအတွက်ကတော့ အများကြီးအဆင်ပြေပါတယ်။ အခမဲ့ကုသပေးတဲ့အတွက် အကုန်လုံး၊ အားလုံးအဆင်ပြေပါတယ်။ ကျွန်မတို့ဘက်ကလည်း နိုင်ငံတော်အကြီးအကဲရဲ့ စီစဉ်ညွှန်ကြားမှုနဲ့ အခုလို လာရောက်ကုသပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်လို့လည်း ပြောချင်ပါတယ်။

သတင်းစဉ်

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၆

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့်တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းသို့ရောက်ရှိရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းရှိ ဓမ္မိကာရာမတပ်ဦးကျောင်း ဆလုံဘိုးဘွားရပ်သာ၌ အခြေပြု၍ ဇာဒက်ကြီးကျွန်းနှင့်



အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၁၇၇ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

## ကုသမှုများဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၉ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၂ ဦး၊ ကလေးရောဂါ ၁၁ ဦး၊ အရိုးရောဂါ ၂၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ သုံးဦး၊ မျက်စိရောဂါ ၁၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ မျက်စိခွဲစိတ်လူနာငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာသုံးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ကြားသိခဲ့ရပါသည်။

ဆရာဝန်တွေကတော့ ဆီးချိုဆေးကို ပုံမှန်သောက်ရမယ်။ အစားရှောင်ရမယ်။ ပြီးရင် လေ့ကျင့်ခန်းတွေလုပ်ရမယ်။ ၂၀၂၄ ခုနှစ်တုန်းက နယ်လှည့်ဆေးကုတွေလာတုန်းက တစ်ခါပြဖူးတယ်လေ။ ပြရတာအဆင်ပြေပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကိုယ့်တစ်ယောက်တည်းပြရတာမဟုတ်ဘူး။ လူတွေအများကြီး လာပြကြတာဆိုတော့





အဆင်ပြေပါတယ်။ ကော့သောင်းမှာသွားပြရင် လေယာဉ်စီးဘာစီးနဲ့ဆိုတော့ ပင်လည်းပင်ပန်းတယ်။ ဒီမှာပြရတာက ပင်လည်းမပင်ပန်းဘူး ပိုက်ဆံလည်းမကုန်ပါဘူး။ အခုလို လာရောက်ကုသပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ကြည်း၊ ရေ၊ လေ တပ်မတော်မိသားစုတွေလည်း ကျန်းမာ၊ ချမ်းသာကြပါစေ။ နောက်လည်း အခုလိုအမြဲ လာရောက်ကုသပေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

ဆရာဝန်က အခုလောလောဆယ် မျက်စိအတွက်ကို အားဆေးတော့ သောက်ခိုင်းတယ်။ ဆေးလည်း ပေးထားပါတယ်။ အပြင်မှာဆို အလွန်ဝေးတယ်။ ဒီမှာက ပါရဂူအစုံနဲ့လည်းပြရတယ်။ အကုန်လုံးအတွက် တစ်နေရာတည်းမှာပဲ စုစုစည်းစည်း ပြရတာဖြစ်တဲ့အတွက် အတော်ကို အဆင်ပြေပါတယ်။ ပုံမှန်ဆိုရင် ရောဂါတွေဘာတွေဖြစ်ရင် ကော့သောင်းကိုပဲ သွားပြရတယ်။ လှေနဲ့ဆိုရင်တော့ အနည်းဆုံး နှစ်နာရီခွဲ သုံးနာရီလောက် စီးရတယ်။ အခုဒီကိုလာလိုက်တော့ ရောဂါအခြေအနေလည်း သိရတယ်။ အကုန်အကျလည်း သက်သာတယ်။ ဆေးလည်း အကုန်လုံး အခမဲ့ပေးတယ်ဆိုတော့ အဆင်ပြေပါတယ်။ အလွန်လည်း ကျေးဇူးတင်ပါတယ်။ ဝမ်းသာပီတိလည်းဖြစ်မိပါတယ်။ ရောဂါတစ်ခုခု ခံစားနေရတဲ့သူတွေကိုလည်း ဒီမှာလာရောက်ကုသခံဖို့အတွက် ဖိတ်ခေါ်ပါတယ်။

သတင်းစဉ်

## အမေရိကန်က ဂရင်းလန်ကျွန်းကို ထိန်းချုပ်နိုင်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ထပ်လောင်းပြောကြား



**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အမေရိကန်က ဂရင်းလန်ကို ထိန်းချုပ်နိုင်မည်ဟု ယုံကြည်သည်ဟု ဇန်နဝါရီ ၂၅ ရက်တွင် သမ္မတ ဒေါ်နယ်လ်ထရမ့် ထပ်လောင်းပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယခုရက်သတ္တပတ်များအတွင်း ဒိန်းမတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ဂရင်းလန်ကျွန်းကို ဝယ်ယူရန် အမေရိကန်ဘက်မှ စိတ်ဝင်စားမှု ပြန်လည်မြင့်တက်လာပြီးနောက် ၎င်းက ထိုသို့ပြောကြားခဲ့သည်။ ထိုကျွန်းရှိ နေထိုင်သူ ၅၇၀၀၀ တို့က အမေရိကန်နှင့်အတူ ပူးပေါင်းချင်နေကြသည်ဟု အဲဖို့စ်ဝမ်းလေယာဉ်ပေါ်၌ ၎င်းက သတင်းထောက်များကို ပြောကြားလိုက်ခြင်းဖြစ်သည်။ ဒိန်းမတ်ဝန်ကြီးချုပ် မက်တီဖရက်ဒရစ်ဆန်က အမေရိကန်သမ္မတထံသို့ ယခင်အပတ်က တယ်လီဖုန်းခေါ်ဆိုပြီး ဂရင်းလန်ကို ရောင်းမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်ဟူသော သတင်းများ ထွက်ပေါ်လာခဲ့သေးသည်။ ထရမ့်သည် ၂၀၁၉ ခုနှစ်က သူ၏ ပထမသက်တမ်းအတွင်း အာတိတ်ဒေသကြီးကို ဝယ်ယူရန် အလားအလာကို ဖော်ထုတ်ခဲ့ပြီး အမေရိကန်က ဂရင်းလန်ကို ထိန်းချုပ်ရန်မှာ အပြည်ပြည်ဆိုင်ရာလုံခြုံရေးအတွက် လုံးဝလိုအပ်ချက်ဖြစ်သည်ဟု ပြောကြားခဲ့ဖူးကြောင်း သိရသည်။ **Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## ဖြုတ်ချခံထားရသော သမ္မတ ယွန်းဆွတ်ယူးလ်ကို အာဏာအလွဲသုံးမှု ဦးဆောင်သူအဖြစ် စွဲချက်တင်



**ဆိုးလ် ဇန်နဝါရီ ၂၆**

တောင်ကိုရီးယားအစိုးရရှေ့နေများသည် ဖြုတ်ချခံထားရသော သမ္မတ ယွန်းဆွတ်ယူးလ်ကို အာဏာအလွဲသုံးမှု ဦးဆောင်သူအဖြစ် စွဲချက်တင်လိုက်ပြီး ယာယီထိန်းသိမ်းထားရန် ဇန်နဝါရီ ၂၆ ရက်တွင် အမိန့်ထုတ်ပြန်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဆိုးလ်ထိန်းသိမ်းရေးစခန်းတွင် ထိန်းသိမ်းခံထားရစဉ် ထိုသို့တရားဝင်စွဲချက်တင်ခံရပြီးနောက် ၎င်းကို စီရင်ချက်မချမီ ခြောက်လအတွင်း အကျဉ်းထောင်တွင် ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်သည်။ ယွန်းဆွတ်ယူးလ်သည် ဒီဇင်ဘာ ၃ ရက်တွင် အရပ်သားအုပ်ချုပ်ရေးကို ယာယီရပ်စဲရန် ကြိုးပမ်းမှုဖြင့် တိုင်းပြည်ကို နိုင်ငံရေးအကျပ်တည်းထဲသို့ ကျရောက်စေခဲ့သည်။ ထို့နောက် ဖြုတ်ချခံခဲ့ရပြီး ယခုလအစောပိုင်းတွင် တောင်ကိုရီးယားသမိုင်းတွင် ဖမ်းဆီးခံရသည့် ပထမဆုံးသက်တမ်းရှိသမ္မတ ဖြစ်လာခဲ့သည်။ ထိုသို့ဖြစ်ရသည်မှာ နေအိမ်တွင် ရက်သတ္တပတ်များစွာ ခုခံနေပြီးနောက် ၎င်း၏အထူးလုံခြုံရေးအဖွဲ့က ၎င်းကိုဖမ်းဆီးရန်ကြိုးပမ်းမှုများကို ခုခံခဲ့သောကြောင့်ဖြစ်သည်။

စုံစမ်းစစ်ဆေးမှုများအတွင်း ရရှိခဲ့သော သက်သေအထောက်အထားများကို စိစစ်ပြီးနောက် တရားခံကို စွဲချက်တင်ရန် သင့်လျော်သည်ဟု တောင်ကိုရီးယားအစိုးရရှေ့နေများက ကောက်ချက်ချခဲ့ကြောင်း သိရသည်။ **Mon**



ဘယ်လာရုစ် သမ္မတရွေးကောက်ပွဲအတွက် လူထုမဲဆန္ဒခံယူပွဲများ ဇန်နဝါရီ ၂၆ ရက်ကပြုလုပ်ရာ မင့်စ်ခ်မြို့တော်ရှိ မဲရုံတစ်ရုံ၌ အမျိုးသမီးတစ်ဦး မဲပေးနေစဉ်။ **Mon**



## ရိုမေးနီးယား ရှေးဟောင်းရွှေထည်ပစ္စည်း လေးမျိုး နယ်သာလန်ရှိ ပြတိုက်တစ်ခုမှ ဖောက်ထွင်းခိုးယူခံရ

**အမ်စတာဒမ် ဇန်နဝါရီ ၂၆**

နယ်သာလန်ရှိ ပြတိုက်တစ်ခုမှ ရှေးဟောင်းရွှေထည်ပစ္စည်း လေးမျိုး ညပိုင်းတွင် ခိုးယူခံခဲ့ရသည်ဟု ဇန်နဝါရီ ၂၅ ရက် နံနက်စောစောတွင် ပြတိုက်တာဝန်ခံက အတည်ပြုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုပြတိုက်တွင် ငှားရမ်းပြသလျက်ရှိသည့် ရွှေနှင့်ငွေဖြင့် ပြုလုပ်ထားသော ရိုမေးနီးယားလက်ဝတ်ရတနာများကို သူခိုးများက ဖောက်ထွင်းခိုးယူခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ရိုမေးနီးယားယဉ်ကျေးမှုဝန်ကြီးဌာနက ဘူခါရက်စ်မှ နယ်သာလန်ပြတိုက်သို့ငှားရမ်းထားသော ဖောက်ထွင်းခိုးယူခံရသည့်ပစ္စည်းများကို ပြန်လည်ရရှိရန် ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဟု ထုတ်ဖော်ကြေညာခဲ့ကြောင်း သိရသည်။ **Mon**

## လက်ဘနွန်တောင်ပိုင်းမှ အစ္စရေးတပ်ဖွဲ့များ မရုပ်သိမ်းသေး နယ်စပ်ဒေသရှိ နေရာအချို့တွင် ဆက်လက်ရှိနေမည်ဟု ဆို

**ဘေရွတ် ဇန်နဝါရီ ၂၆**

လက်ဘနွန်တောင်ပိုင်းမှ အစ္စရေးတပ်ဖွဲ့များ ရုပ်သိမ်းရန် နောက်ဆုံးရက်စွဲသည် ကုန်ဆုံးသွားပြီဖြစ်သော်လည်း အစ္စရေးက ဟစ်ဇ်ဘိုလာတို့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အပြည့်အဝအကောင်အထည်မဖော်ရသေးဟုဆိုသဖြင့် ယင်းတပ်ဖွဲ့များ နယ်စပ်ဒေသရှိ နေရာအချို့တွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။ အမေရိကန်နှင့် ပြင်သစ်တို့က ကြားဝင်ညှိနှိုင်းပေးခဲ့ပြီး လွန်ခဲ့သော ၁၄ လကြာပဋိပက္ခကို အဆုံးသတ်စေခဲ့သည့် ၆၀ ရက်ကြာ သဘောတူညီချက်တွင် အစ္စရေးတပ်များ လက်ဘနွန်တောင်ပိုင်းမှ ရုပ်သိမ်းရန်နှင့် ဟစ်ဇဘိုလာတိုက်ခိုက်ရေးသမားများနှင့် လက်နက်များကို ထိုဒေသမှရုပ်သိမ်းရန် ပါရှိသည်။

ဆယ်စုနှစ်များစွာကြာအောင် ဟစ်ဇဘိုလာတို့ လွှမ်းမိုးထားခဲ့သည့် ထိုဒေသသို့ လက်ဘနွန်တပ်ဖွဲ့ဝင်များ ထောင်နှင့်ချီ၍စေလွှတ်မည်ဟုလည်းဆိုသည်။ ယင်းတပ်ဖွဲ့ဝင်များစေလွှတ်မည့်အစီအစဉ်သည် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးဖော်ဆောင်ရန် စိတ်အားထက်သန်နေသည့် လက်ဘနွန်သမ္မတသစ် စစ်ဦးစီးချုပ်ဂျိုးဇက်အွန်အတွက် ပထမဆုံးသော အဓိကစမ်းသပ်မှုတစ်ရပ်ပင်ဖြစ်သည်။ တောင်ပိုင်းဒေသ၏ အခြေအနေကို ကိုင်တွယ်ဖြေရှင်းရာတွင် ပြင်းထန်သော အစ္စရေးလုပ်ရပ်များကို ရပ်တန့်စေရန်အတွက် အဆောတလျင်ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေသည်ဟု လက်ဘနွန်သမ္မတရုံး ပြောခွင့်ရသူက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ **Mon**





## နေရပ်စွန့်ခွာ ပါလက်စတိုင်းသား ထောင်ပေါင်းများစွာတို့ မြောက်ပိုင်းဂါဇာသို့ ပြန်လည်ရောက်ရှိရန် တားဆီးခံနေရဆဲ

**ဂါဇာ ဇန်နဝါရီ ၂၆**

ဟားမတ်စ်တို့ဘက်က စစ်ပြေငြိမ်းရေးသဘောတူညီချက်၏ စည်းကမ်းချက်များကို ချိုးဖောက်ခဲ့သည်ဟု အစ္စရေး စွပ်စွဲပြီးနောက် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသော ပါလက်စတိုင်းသား ထောင်ပေါင်းများစွာသည် မြောက်ပိုင်းဂါဇာသို့ ပြန်လည်ရောက်ရှိရန် တားဆီးခံနေရဆဲဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။


ဟားမတ်စ်တို့က ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှစ၍ ဓားစာခံအဖြစ် ထိန်းသိမ်းထားခဲ့သော အစ္စရေး အမျိုးသမီးစစ်သည်လေးဦးကို ဇန်နဝါရီ ၂၅ ရက်တွင် ပါလက်စတိုင်း အကျဉ်းသား ၂၀၀ နှင့် လဲလှယ်ပေးခဲ့သည်။

သို့သော် ဟားမတ်စ်တို့က စစ်မှုမထမ်းသူ ဓားစာခံများကို ထပ်မံလွှတ်ပေးရန် စီစဉ်ထားသော်လည်း အစ္စရေးနိုင်ငံသား အာဘဲလ်ယေဟွတ်ကို လဲလှယ်မှုတွင် ထည့်မပေးခဲ့သဖြင့် အငြင်းပွားမှုများပေါ်ပေါက်ခဲ့သည်။

အာဘဲလ်ယေဟွတ် အသက်ရှင်နေပြီး လာမည့်အပတ်တွင် ၎င်းကို လွှတ်ပေးမည်ဟု ဟားမတ်စ်က ခိုင်ခိုင်မာမာပြောဆိုနေသော်လည်း အစ္စရေးက ဂါဇာမှ တပ်များအား ရုပ်သိမ်းရန် စီစဉ်ထားသည့်အစီအစဉ်ကို ရွှေ့ဆိုင်းခြင်းဖြင့် တုံ့ပြန်ခဲ့သည်။

ဓားစာခံများလွှတ်ပေးပြီးနောက် မြောက်ဘက်သို့ လမ်းလျှောက်သွားနိုင်မည်ဟု မျှော်လင့်ထားသော ပါလက်စတိုင်းသားများသည် လမ်းမကြီးကို အစ္စရေးတင့်ကားများက ပိတ်ဆို့ထားဆဲဖြစ်သည်ကို တွေ့ရှိရသဖြင့် ညနေပိုင်းတွင် ရှုပ်ထွေးမှုအချို့ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **Mon**

## ကွန်ဂိုနိုင်ငံရှိ ကုလငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင် ၁၃ ဦး အမ် ၂၃ အုပ်စုမှ သူပုန်များနှင့် တိုက်ပွဲဖြစ်ပွားရာတွင် ကျဆုံး



**ဘရာဇာဗီးလ် ဇန်နဝါရီ ၂၆**

ဒီမိုကရက်တစ် ကွန်ဂိုသမ္မတနိုင်ငံရှိ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်နေသော စစ်သည် ၁၃ ဦးသည် အမ် ၂၃ အုပ်စုမှ သူပုန်များနှင့် ယမန်နေ့က တိုက်ပွဲဖြစ်ပွားရာတွင် ကျဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တောင်အာဖရိကတပ်မတော်မှစေလွှတ်ထားသော စစ်သည်ကိုးဦး၊ မာလာဝီတပ်မတော်မှ တပ်ဖွဲ့ဝင် သုံးဦးနှင့် ဥရုဂွေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ခြင်းဖြစ်ကြောင်း ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့က အတည်ပြုသည်။

ထိုတိုက်ပွဲအပြီးတွင် ကမ္ဘာတစ်ဝန်းရှိ အကြမ်းဖက်မှုများ ရပ်တန့်ရန် တောင်းဆိုနေသော ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန်က ကွန်ဂို၊ ရဝမ်ဒါနိုင်ငံတို့မှ ခေါင်းဆောင်များနှင့်ဆက်သွယ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးအတွက် ညှိနှိုင်းပြောဆိုခဲ့ကြောင်း သိရသည်။ **Mon**

## နတ်မောက်မြို့ အ.ထ.က(၁)တွင် သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေ



**နတ်မောက် ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉နာရီက သွားရောက်ဖြန့်ဝေပေးသည်။

အဆိုပါသတင်းစကားလက်ကမ်းစာစောင်တွင် အမျိုးသားရေးအသွင်ဖြင့် ကာကွယ်တိုက်ဖျက်၊ မူးယစ်ဆေးဝါးဆိုသည်မှာ၊ မီးရှို့ဖျက်ဆီး၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများဖြစ်ပွားနိုင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ ရေနံ့သာမောင်ကျော်ညွန့်ရေးသားသည့် ရှောင်ဖယ်ဝေးဝေး မူးယစ်ဆေး(ကဗျာ)၊ အသိပညာပေးမှတ်တမ်းဓာတ်ပုံများနှင့် ကာတွန်းများဖြင့် အရောင်အသွေးစုံလင်စွာ ဖော်ပြပါရှိသည်။

သတင်းစကားလက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နတ်မောက်မြို့နယ်ရုံးဝန်ထမ်းများက လူငယ်လူရွယ်များ ဗဟုသုတရရှိစေရန် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၄၆၅)




## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း မန္တလေးတိုင်းဒေသကြီးနှင့် KMC ကိုယ်ပိုင်အထက်တန်းကျောင်းတို့ပူးပေါင်းပြီး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက KMC ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၂၀၇ ဦး တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း မန္တလေးတိုင်းဒေသကြီးဥက္ကဋ္ဌ ဦးမြင့်ဆွေ ရဲမှူးကြီး(ငြိမ်း)က အဖွင့်အမှာစကားနှင့် အသင်း၏ဆောင်ရွက်ချက်များအကြောင်း ပြောကြားပြီး အသင်း၏ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမျိုးခိုင်က ဆေးလိပ်နှင့် အရက်အန္တရာယ်အကြောင်း၊ အဖွဲ့ဝင် ဦးအောင်ကျော်စွာက လူငယ်နှင့် Vape အန္တရာယ်အကြောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန္တာဘုန်းဝင်းက ယနေ့ခေတ်လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းများကို အသီးသီးဟောပြောခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက ဖြေကြားပေးခဲ့ပြီး KMCကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ထံ လက်ကမ်းစာ စောင်များပေးအပ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း မန္တလေးတိုင်းဒေသကြီးသို့ KMCကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်က အလှူငွေများပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## နေအိမ်မီးလောင်မှု ဖြစ်ပွား

**ကျိုင်းတုံ ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၊ (၅)ရပ်ကွက်၊ ဦးဆုတ်ရပ်၊ နောင်ခေ့လမ်းရှိ ပိုင်ရှင် ဦး----၏ ၄၀×၆၀ ပေ၊ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်းတစ်ထပ် နေအိမ်တွင် ဇန်နဝါရီ ၂၁ ရက် နံနက် ၃ နာရီ မိနစ် ၅၀ခန့်က ဖုန်းအားသွင်းထားရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကျိုင်းတုံခရိုင်မီးသတ်စခန်းနှင့် ကျိုင်းတုံမြို့နယ် မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ခုနစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် အမျိုးသား တစ်ဦး (မီးလောင်သေဆုံး)၊ ၄၀×၆၀ ပေ၊ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်း တစ်ထပ် နေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဦး--- (သေဆုံး)အား ကျိုင်းတုံမြို့နယ်ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**သာစည် ဇန်နဝါရီ ၂၆**

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်ရာ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ညနေပိုင်းက မြို့ပေါ်ရပ်ကွက်များတွင် အသံချဲ့စက်ဖြင့် ဆော်ဩခြင်းများ လှည့်လည်ဆောင်ရွက်ခဲ့သည်။

မီးဘေးကြိုတင်ကာကွယ်ရေးနှိုးဆော်ရာ၌ နေအိမ်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ သဲ၊ လှေကား၊ ရေနှင့် မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိရန်၊ မီးဖိုမီးကို အန္တရာယ်ကင်းရှင်းစွာဖြင့် သတ်မှတ်ချိန်အတွင်း စနစ်တကျ အသုံးပြုရန်နှင့် မီးကြွင်းမီးကျန်များကို သေချာစွာငြိမ်းသတ်ရန်၊ လျှပ်စစ်ပစ္စည်းများ၊ ဂတ်စ်မီးဖိုများနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရသောလုပ်ငန်းများ စသည်ဖြင့် မီးဘေးလုံခြုံရေးဆိုင်ရာအချက်များကို လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲငွေးဦးနှင့် တပ်ဖွဲ့ဝင် ငါးဦးတို့က လှည့်လည်အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၈၇)

## တရားမဝင်သစ်မျိုးစုံ၊ ကုန်ပစ္စည်း၊ ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၂ရက်တွင် နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၉၈၈ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၂၃ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်နှင့်မင်္ဂလာဒုံမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၆၈၈တန်၊ အခြားသစ်သုည ဒသမ ၀၂၃တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုးနှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်သစ်မာ ၁ ဒသမ ၅၇၆တန်၊ အခြားသစ် သုည ဝဒသမ ၇၃၅ တန်ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်ခရိုင် ပြည်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ Hijet Pick Up ယာဉ်တစ်စီးကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၉ မျိုးကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်(သွင်းကုန်)၌ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)






## ဒီယေဂိုကားလို့စ်အား သုံးနှစ်ခွဲစာချုပ်ဖြင့် ဖီနာဘာချီအသင်းခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၂၆**

တူရကီကလပ် ဖီနာဘာချီအသင်းသည် အက်စတွန်ဗီလာအသင်း နောက်ခံကစားသမား ဒီယေဂိုကားလို့စ်အား သုံးနှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဒီယေဂိုကားလို့စ်သည် ဖီနာဘာချီအသင်းတွင် ကျောနံပါတ် ၃၇ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၈ပွဲကစားပြီး ၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဒီယေဂိုကားလို့စ်သည် အသင်းအား ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်ဟု ယုံကြည်ခြင်းကြောင့် ဖီနာဘာချီ အသင်းက ခေါ်ယူအားဖြည့်ခဲ့ခြင်း ဖြစ်သည်။

ဖီနာဘာချီအသင်းသည် ယခုနှစ်ဘောလုံးရာသီ တူရကီစူပါလိဂ်ပြိုင်ပွဲ ၁၉ပွဲကစားအပြီးတွင် ရမှတ် ၄၅မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် ၂နေရာတွင် ရပ်တည်ခဲ့သည်။ **(အောက်ပုံ)**

**(NGB)**







## ဘန်ချီဝဲလ်အား ခေါ်ယူရန် ဒေါ့မွန်အသင်း စိတ်ဝင်စား

**မြူးနစ် ဇန်နဝါရီ ၂၆**

ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းသည် ချဲလ်ဆီး အသင်း နောက်ခံကစားသမား ဘန်ချီဝဲလ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၇ပွဲကစားပြီး ၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဒေါ့မွန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဘန်ချီဝဲလ်ကလည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ချဲလ်ဆီးအသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဒေါ့မွန်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းထံမှ ဘန်ချီဝဲလ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## ကိုင်လီဝေါ်လ်ကာ အေစီမီလန်အသင်းတွင် ကျောနံပါတ် (၃၂)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မီလန် ဇန်နဝါရီ ၂၆**

နောက်ခံကစားသမားသစ် ကိုင်လီဝေါ်လ်ကာ အေစီမီလန်အသင်းတွင် ကျောနံပါတ် ၃၂ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် မန်ချက်စတာစီးတီးအသင်းမှ အေစီမီလန်အသင်းသို့ အငှားဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ကိုင်လီဝေါ်လ်ကာသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁၉ပွဲ ကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းထုတ်ပြန်ချက်တွင် "ကိုင်လီဝေါ်လ်ကာ အသင်းမှာ ကျောနံပါတ် ၃၂ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေရရှိအောင် ရယူပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း ကစားသမားသစ်တွေထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)**

**(NGB)**




## ဂိုးသမား ကေလာနာဗတ်စ်အား နယူးဝဲလ်အိုးဘွိုင်းစ်အသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၂၆**

အာဂျင်တီးနားကလပ် နယူးဝဲလ်အိုးဘွိုင်းစ်အသင်းသည် ဝါရင့် ဂိုးသမား ကေလာနာဗတ်စ်အား ၂နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




အဆိုပါ ဂိုးသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ရီးရဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီ၊ လီဗန်တေး စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ကစားခဲ့ပြီးအတွေ့အကြုံရှိသည့် ဝါရင့်ဂိုးသမားတစ်ဦးဖြစ်ခြင်းကြောင့် နယူးဝဲလ်အိုးဘွိုင်းစ်က ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၈)နှစ်အရွယ်ရှိ ကေလာနာဗတ်စ်က "ကျွန်တော် နယူးဝဲလ်အိုးဘွိုင်းစ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူတွေနဲ့ အသင်းပရိသတ်အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ နယူးဝဲလ်အိုးဘွိုင်းစ်အသင်း အောင်မြင်မှုများ ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားပေးသွားမှာပါ"ဟု ပြောသည်။**(ဝဲပုံ)**

**(NGB)**

## ဆိုလန်ကီ ဒူးဒဏ်ရာကြောင့် ခြောက်ပတ်ခန့် အနားယူရမည်

**လန်ဒန် ဇန်နဝါရီ ၂၆**

စပါးအသင်းတိုက်စစ်မှူး ဆိုလန်ကီ ဒူးဒဏ်ရာကြောင့် ၆ပတ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် စပါးအသင်းက အာဆင်နယ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆိုလန်ကီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပါးအသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆိုလန်ကီသည် စပါးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၉ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(ယာပုံ)**

**(NGB)**




### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၉)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | ဘိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၈-၁-၂၀၂၅ နံနက် ၀၂:၃၀နာရီ | (၃)ဘန်လေ - လီဒ်စ်(၁) (လီဒ်စ်၀-၁ဘန်လေ) | ဘန်လေ ၁-၁ လီဒ်စ် | ဘန်လေ(အိမ်) | ၁၃ | ၆ | ၇ | - | ၁၅ | ၄ |
| | | လီဒ်စ် ၃-၁ ဘန်လေ | လီဒ်စ်(ဧည့်) | ၁၃ | ၅ | ၆ | ၂ | ၁၈ | ၁၂ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၂)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | ဘိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၈-၁-၂၀၂၅ နံနက် ၀၀:၀၀နာရီ | (၁၉) ဗင်းနစ်ဇီးယား - ဗီရိုနာ(၁၈) (ဗီရိုနာ ၂-၁ ဗင်းနစ်ဇီးယား) | ဗင်းနစ်ဇီးယား ၃-၄ ဗီရိုနာ | ဗင်းနစ်(အိမ်) | ၁၀ | ၃ | ၂ | ၅ | ၁၁ | ၁၃ |
| | | ဗီရိုနာ ၃-၁ ဗင်းနစ်ဇီးယား | ဗီရို(ဧည့်) | ၁၀ | ၃ | - | ၇ | ၁၃ | ၂၂ |
| ၂၈-၁-၂၀၂၅ နံနက် ၀၂:၁၅နာရီ | (၁၂)ဂျီနိုအာ - မွန်ဇာ(၂၀) (မွန်ဇာ၀-၁ ဂျီနိုအာ) | ဂျီနိုအာ ၂-၃ မွန်ဇာ | ဂျီနို(အိမ်) | ၁၁ | ၁ | ၆ | ၄ | ၁၀ | ၁၆ |
| | | မွန်ဇာ ၁-၀ ဂျီနိုအာ | မွန်ဇာ(ဧည့်) | ၁၀ | ၁ | ၄ | ၅ | ၁၀ | ၁၅ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | ဘိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၈-၁-၂၀၂၅ နံနက် ၀၂:၃၀နာရီ | (၁၇) အလာဗက်စ် - ဆဲလ်တာဗီဂို(၁၃) (ဆဲလ်တာဗီဂို ၂-၁အလာဗက်စ်) | အလာဗက်စ် ၃-၀ ဆဲလ်တာဗီဂို | အလာ(အိမ်) | ၉ | ၃ | ၃ | ၃ | ၉ | ၁၀ |
| | | ဆဲလ်တာဗီဂို ၁-၁ အလာဗက်စ် | ဆဲလ်တာ(ဧည့်) | ၉ | ၁ | ၁ | ၇ | ၁၁ | ၂၀ |

### ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၇-၁-၂၀၂၅ တနင်္လာနေ့ | ညနေ ၃:၃၀နာရီ (ရန်ကုန်ကွင်း) | (၈)ဒဂုံပို - ဟံသာဝတီ(၂) (ဟံသာဝတီ ၄-၃ ဒဂုံပို) | ——— |
| " | ညနေ ၄:၀၀နာရီ (သုဝဏ္ဏကွင်း) | (၉) သစ္စာအားမာန် - ဒဂုံစတား(၄) (ဒဂုံစတား ၃-၁ သစ္စာအားမာန်) | ——— |

## 2025 Australian Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Madison Keys ဆွတ်ခူး

**လန်ဒန် ဇန်နဝါရီ ၂၆**

သြစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Australian Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်တင်းနစ်မယ် Madison Keys က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အမေရိကန် တင်းနစ်မယ် Madison Keys သည် 2025 Australian Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဘီလာရုတင်းနစ်မယ် Aryna Sabalenka အား ၆-၂၊ ၂-၆၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ Madison Keys က "ကျွန်မအခုလို 2025 Australian Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်မကိုအားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတံဆိပ်တွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**



# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပါဝင်ပြသသွားမည်



**စစ်ကိုင်း ဇန်နဝါရီ ၂၆**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပါဝင်ပြသသွားမည် ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း နေပြည်တော်တွင် ကျင်းပမည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ သွားရောက် ယှဉ်ပြိုင်၊ ပြသ၊ ရောင်းချသွားမည် ဖြစ်သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပါဝင်ပြသရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများက ထွက်ရှိတဲ့ထုတ်ကုန်ပစ္စည်းတွေ၊ တိုင်းရင်းသားရိုးရာအစားအစာများနဲ့ အဝတ်အထည်တွေကို လုပ်ငန်းရှင်တွေနဲ့ပူးပေါင်းပြီး စုံစုံလင်လင် ပြသ၊ ရောင်းချသွားကြဖို့ လိုအပ်ပါတယ်။ လိုက်ပါဆောင်ရွက်ကြမယ့် တာဝန်ရှိသူတွေအနေနဲ့ အရင်နှစ်တွေက အတွေ့အကြုံကောင်းတွေရယူပြီး ယခုနှစ်ပြပွဲနဲ့ပြိုင်ပွဲတွေမှာ အောင်မြင်အောင် ပေါင်းစပ်ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ လိုအပ်တာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပါဝင်ပြသသွားမည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဒေသအလိုက်ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ငွေထည်၊ ကြေးထည်နှင့်အဝတ်အထည်များ ပြသရောင်းချသွားမည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်သွားမည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြကြသည်။

**(အပေါ်ဝဲပုံ)**

**(၃၉၄)**



# စာပတ်ရှုနိုင်မြှင့်တင်ရေး Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေး

**မိုင်းခတ် ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းနှင့် စာအုပ်များ အသစ်လဲလှယ်ပေးခြင်းကို အပတ်စဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီခွဲက မိုင်းခတ်မြို့နယ်ပညာရေးမှူးရုံးသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းခတ်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စာကြည့်တိုက်သို့ လာရောက်ငှားရမ်းရန် အခက်အခဲရှိနေသည့် စာဖတ်ပရိသတ်များအတွက် စာပေဖတ်ရှုမှု အဆင်ပြေစေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ သုတ၊ ရသစာအုပ်များကို ငှားရမ်းပေးလျက်ရှိရာ Mobile Library စနစ်ဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများအား စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းနှင့် အသစ်လဲလှယ်ပေးခြင်းတို့ကို အပတ်စဉ်သောကြာနေ့တိုင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# (၇၆)နှစ်မြောက် အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၆**

(၇၆)နှစ်မြောက်အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ၆၅ လမ်းနှင့်၄၀လမ်းထောင့်ရှိ မန္တလေးမြို့ရုံးစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးတွင် ကျင်းပရာ ဖိတ်ကြားထားသူများ၊ မန္တလေးမြို့ရှိ အိန္ဒိယနွယ်ဖွားများ၊ အိန္ဒိယမိတ်ဆွေများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံအလံအား မန္တလေးမြို့ရုံးစိုက် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်က တိုင်ထိပ်သို့ လွှင့်တင်ပြီး တက်ရောက်လာသူများက အိန္ဒိယ အမျိုးသားသီချင်းအား သီဆိုကြသည်။

ထို့နောက် အိန္ဒိယသမ္မတထံမှ ပေးပို့သော (၇၆)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာအား ကောင်စစ်ဝန်ချုပ် H.EMr. Neer Kumar က ဖတ်ကြားသည်။ ထို့နောက် အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီးမဟာတ္တမဂန္ဓီအား ပန်းကုံးစွပ်၍ ဂါရဝပြုကြသည်။ ဆက်လက်၍ မန္တလေးမြို့ရှိ အိန္ဒိယနွယ်ဖွားများက ရိုးရာတေးသီချင်းများ၊ မဏိပူအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်က ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အိန္ဒိယအစားအစာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၄၅)**

# အ-ထ-က(၂၁)တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ သိရိမာလာအနောက်ရပ်ကွက်၊ ၂၆လမ်း၊ အောက်ကမ်းနားလမ်းထောင့်ရှိ အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဦးစီးမှူးများ၊ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ စုစုပေါင်း ၂၅၀ကျော်တို့က ကျောင်းဝင်းအတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ အဆောက်အအုံနှင့် ငြိနေသည့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။



ထိုသို့ စုပေါင်းဆောင်ရွက်ကြရာသို့ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး သိန်းအောင်ထွေး၊ ဦးတင်မောင်ဝင်းနှင့် ဦးသန်းထွန်းအောင်တို့က လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၉၃)**

# ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၅၄၂၄ ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၅၄၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ၊ ရမည်းသင်းမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ စိုက်ဧက ၁၉၈၀၀ ကို လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစ၍ စတင်စိုက်ပျိုးဆောင်ရွက်ခဲ့ရာ ယနေ့ချိန်တွင် ပဲမျိုးစုံစိုက်ဧက ၂၅၄၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးနိုင်ခြင်းကြောင့် ပြည်တွင်းစားသုံးမှုကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့မှုပေးနိုင်မည်ဖြစ်သည်။

"ဒီနှစ် ရမည်းသင်းမြို့နယ်မှာ ပဲမျိုးစုံတွေကို လျာထားစိုက်ပျိုးခဲ့တာဆိုရင် ၂၅၄၂၄ ဧကကို စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့ ပဲတွေကတော့ ပဲစင်းငုံ၊ ဗိုလ်ကိတ်၊ ပဲလွန်း၊ မတ်ပဲ၊ ပဲနီပြား၊ ပဲကြီး၊ ပဲတီစိမ်းစသဖြင့် ပဲမျိုးတွေကိုလည်း အစုံစိုက်ပျိုးနိုင်ပါတယ်။ အခြားပဲမျိုးစုံ စိုက်ပျိုးမှုနဲ့ ပတ်သက်ပြီးတော့ ဌာနကနေပြီး ပိုးမွှားကျရောက်မှုမရှိစေဖို့နဲ့ စနစ်တကျစိုက်ပျိုးနိုင်စေဖို့အတွက် နည်းပညာတွေပေးဆောင်ရွက်ပါတယ်။ တောင်သူတွေကလည်း ဌာနကလမ်းညွှန်ချက်တွေအတိုင်း ဆောင်ရွက်ကြပါတယ်။ စိုက်ပျိုးထားတဲ့ ပဲစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းစေဖို့အတွက် သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတွေ စိုက်ပျိုးရေးတောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးပါတယ်" ဟု ၎င်းက ပြောသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းပဲမျိုးစုံစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် အသိပညာပေးလုပ်ငန်းများကို ဝန်ထမ်းများက ကွင်းဆင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၀၇၃)**



# ပြင်ဦးလွင် စတော်ဘယ်ရီသီးများထွက်ရှိလာပြီး ဈေးကောင်းရရှိနေ

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းတွင် စိုက်ပျိုးထားရှိသော စတော်ဘယ်ရီသီးများ ယခုလအတွင်းတွင် ထွက်ရှိလာပြီး ဈေးကွက်အတွင်း ဈေးကောင်းရရှိနေကြောင်း အဆိုပါမြို့နယ်အတွင်းရှိ စတော်ဘယ်ရီစိုက်ပျိုးသူများထံက သိရသည်။

လက်ရှိတွင် စတော်ဘယ်ရီ ထိုင်ဝမ်မျိုးများထွက်ရှိလာပြီး ဈေးနှုန်းမှာ တစ်ပိသာလျှင် ငွေကျပ် ၁၅၀၀၀ ရရှိလျက်ရှိသည်။

"အခုကတော့ ထိုင်ဝမ်မျိုးတွေ ထွက်တာပါ။ နောက်လမှာတော့ ပြည်တွင်းမျိုးတွေထွက်ရှိလာမှာ ဖြစ်ပါတယ်။ ထွက်နှုန်းကလည်း ပုံမှန်အတိုင်းထွက်ရှိနေတယ်။ ပေါ်ဦးပေါ်ဖျားလို့ဖြစ်နေတော့ စိုက်ပျိုးသူတွေဈေးနှုန်းကောင်း ရရှိပါတယ်" ဟု ပြင်ဦးလွင်မြို့နယ်၊ ပင်လိန်ကျေးရွာ စတော်ဘယ်ရီသီး စိုက်ပျိုးသူတစ်ဦးက ပြောသည်။

စတော်ဘယ်ရီသီးမှာ စတင်ထွက်ရှိချိန်မှ ဧပြီလကုန်အထိ ခူးဆွတ်နိုင်ပြီး တစ်ဧကလျှင် ပိသာချိန် ၃၀၀၀ ခန့်ထွက်ရှိကြောင်း၊ မိုးရွာသွန်းမှုကို ကြိုက်နှစ်သက်မှုမရှိဘဲ ပူအိုက်သည့် ရာသီဥတုအား ကြိုက်နှစ်သက်ကြောင်း၊ အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် စတင်စိုက်ပျိုးကာ ဇန်နဝါရီလမှ ဧပြီလအထိ ရောင်းချမှုအများဆုံးပြုလုပ်ကြပြီးနောက် ထပ်မံထွက်ရှိသော စတော်ဘယ်ရီသီးများမှာ ဈေးကောင်းရရှိမှုနည်းပါးကြောင်း သိရသည်။

ပြင်ဦးလွင်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ကိုင်သူအများစုမှာ စတော်ဘယ်ရီအား စိုက်ပျိုးကြပြီး အသီးအတိုင်း ရောင်းချမှုပြုလုပ်သည့်အပြင် အဆင့်မြင့်ထုတ်ကုန်အဖြစ် ယို၊ ဝိုင်၊ ဖျော်ရည်နှင့် အခြားသော စားသောက်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချမှုကိုလည်း ပြုလုပ်ကြသည်။

စတော်ဘယ်ရီအား ရှမ်းပြည်နယ်တောင်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တို့တွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိကြောင်း၊ တောင်ပေါ်ဒေသပျိုးပင်များကို ပုပ္ပါးတောင်ခြေတစ်ဝိုက်တွင် စိုက်ပျိုးလျက်ရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀-၀-၀

# အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**တောင်တွင်းကြီး ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် မြို့ပေါ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ကျောင်းတွင်း၊ ကျောင်းပြင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝန်းအတွင်းရှိ ချုံနွယ်များနှင့် အမြင်မတင့်တယ်သည့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များ နုတ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ခြင်အန္တရာယ်ကင်းရှင်းရေး ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်း၊ စာသင်ခန်းများအတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် စာသင်ခုံများ စနစ်တကျ ပြန်လည်ထားရှိခြင်း၊ စွန့်ပစ်အမှိုက်များ ကောက်ယူခြင်းနှင့် အမှိုက်လှဲခြင်း လုပ်ငန်းများ စုစုပေါင်းအင်အား (၁၅၀)ဦးခန့်ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိုဿနိုးမြေ)**



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့မှ (၁၄)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားဇောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သင်္ဘောသီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည် ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၀)ရက်နေ့ နံနက်(၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# ရာသီစာချဉ်ပေါင်ဖူးများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာ

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးကုန်စိမ်းဈေးကွက်အတွင်းသို့ ရာသီစာချဉ်ပေါင်ဖူးများ မန္တလေးဈေးကွက် အတွင်း ဝင်ရောက်လာကြောင်း သိရသည်။

မန္တလေးကုန်စိမ်းဈေးကွက်အတွင်းသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းဒေသတို့မှ စိုက်ပျိုးထွက်ရှိသည့် သီးနှံများ ဝင်ရောက်ရာ လက်ရှိအချိန်တွင် စားဖိုဆောင်ဟင်းလျာအမယ်ဖြစ်သည့် ချဉ်ပေါင်ရွက်နှင့် ချဉ်ပေါင်ဖူးများ စတင်ဝင်ရောက်နေပြီ ဖြစ်သည်။

ချဉ်ပေါင်ဖူးစားသုံးခြင်းဖြင့် ကယ်လ်စီယမ်၊ သံဓာတ်၊ ဗီတာမင် A၊ ဗီတာမင် B1, B2, B3၊ ဗီတာမင် C၊ မဂ္ဂနီဆီယမ်၊ ကာဗွန်ဟိုက်ဒရိတ်တို့ ပါဝင်သည့်အတွက် သားဖုံးများကျန်းမာစေခြင်း၊ အရိုးသန်မာစေခြင်း၊ အာရုံကြောအဖွဲ့အစည်းများနှင့် ကြွက်သားများ ဖွဲ့စည်းမှုတိုးတက်ကောင်းမွန်စေခြင်း၊ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးနိုင်ခြင်း၊ ရောင်ရမ်းမှုကို လျော့ကျစေခြင်း၊ ဝမ်းမှန်စေခြင်း၊ အသားအရေကြည်လင်စေခြင်း၊ မောပန်းမှုကို လျော့နည်းစေခြင်း၊ သွေးတွင်းအဆီဓာတ်ကို ကျစေခြင်း၊ ဓာတ်တိုးဆန့်ကျင်သည့် အာနိသင်များရှိခြင်း၊ ဟော်မုန်းအပြောင်းအလဲများကြောင့် ဖြစ်တတ်သော စိတ်ခံစားချက်များ လျော့ကျစေခြင်း၊ ရောင်ကိုင်းခြင်းကို သက်သာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါသည်။ **(ယာပုံ)**

ချဉ်ပေါင်ဖူးကို ဟင်းအဖြစ်ကြော်စားခြင်း၊ ချက်စားခြင်း၊ ထောင်းစားခြင်း၊ အခြောက်ခံ၍ ချဉ်ပေါင်ဖူးရေနွေးကြမ်းအဖြစ်သောက်ခြင်း၊ ယိုထိုးခြင်း၊ ချဉ်ပေါင်ဖျော်ရည်၊ ချဉ်ပေါင်ဖူးဂျယ်လီ၊ ချဉ်ပေါင်ဖျော်ရည်မှုန့်၊ ချဉ်ပေါင်ဖူးဝိုင်၊ ချိုချဉ်၊ တော်ဖီ၊ သရေစာမုန့်၊ မျက်နှာပေါင်းတင်မှုန့်တို့ ပြုလုပ်သုံးစွဲကြသည်။

ချဉ်ပေါင်ဖူးများအား ဈေးကွက်အတွင်း ပြည်ချိန်ဖြင့်လည်းကောင်း၊ ပိသာချိန်ဖြင့် လည်းကောင်း ရောင်းချလျက်ရှိသည်။ ဇန်နဝါရီ တတိယပတ်တွင် ချဉ်ပေါင်ဖူးလက်ကားဈေးတစ်ပိသာလျှင် ငွေကျပ် ၃၅၀၀-၄၀၀၀၊ လက်လီဈေး တစ်ပိသာလျှင် ငွေကျပ် ၄၅၀၀-၅၅၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**



## ဝတ္ထုတိုကဏ္ဍ




တီ …တီ…တီ….တီ ….တီ

ဦးဘရှင်း၏ ဘယ်ဘက်ခြမ်းရင်အုံ၊ လက်မောင်းနှင့် ခြေထောက်တို့တွင် စက်ကိရိယာနှင့် ချိတ်ဆက်ထားသော လျှပ်လိုက်ကြိုးများ ဖိကပ်ညှပ်ထားသည်။ စက်ကိရိယာမျက်နှာပြင်ဖန်သားတွင် ဂရပ်မျဉ်းလှိုင်းများ နိမ့်ချည်မြင့်ချည် ဖော်ပြနေပြီး စက်မှ အချက်ပေးသံများ ထွက်ပေါ်နေခြင်းဖြစ်သည်။

ဦးဘရှင်း ဒုတိယအကြိမ်မြောက် ဆေးရုံရောက်ရပြန်သည်။ ပထမအကြိမ်က အလုပ်နှင့်ပတ်သက်ပြီး ဒေါသဖြစ်ကာ သွေးဆောင့်တိုး၍ သတိလစ်သွားသောကြောင့် ဆေးရုံရောက်ခဲ့သည်။ ထိုစဉ်က သွေးစစ်ချက်တွင် ဆီးချိုတက်နေသည်။ အဆီဓာတ်များနေသည်။ နှလုံးသွေးကြောကျဉ်း လက္ခဏာတွေ့ရသည်ဟု သိခဲ့သည်။ ဆေးများသောက်ရသည်။ သို့သော် တစ်လ၊ နှစ်လမျှသာ ဆေးသောက်ပြီး နောက်ပိုင်းတွင် ဆေးပုံမှန်မသောက်တော့ပါ။

မကြာခင် ရင်ဘတ်ထဲက စူးအောင့်အောင့် ဝေဒနာခံစားလာရသည်။ ပထမတွင် ရံဖန်ရံခါသာ တဖြည်းဖြည်းနှင့် အောင့်သည့်ဝေဒနာပိုဆိုးလာသည်။ ဖြစ်ပေါ်မှုလည်း စိပ်စိပ်လာသည်။ သို့နှင့်ပင် ဆေးခန်းပြကြည့်ရာမှတစ်ဆင့် ဆရာဝန်ညွှန်ကြားချက်ဖြင့် ဆေးရုံသို့ ဒုတိယအကြိမ် ရောက်ခဲ့သည်။

ဆရာဝန်က ဦးဘရှင်းကို မေးသည်။

"ခံစားရတဲ့အနေအထား ပြောပြပါဦး"

"ဟုတ်ကဲ့ ဘယ်ဘက်ရင်အုံထဲက စူးစူးအောင့်တယ်ဆရာ"။ ဆူးနဲ့ထိုးခံရသလိုလိုပဲ။ တစ်ခါတစ်ခါကျတော့လည်း ညှပ်နဲ့ ညှပ်ခံရသလိုလို ခံစားရတယ်။ ဖြစ်ခါစကတော့ ခပ်ကျဲကျဲပဲ။ နောက်တော့ ခံစားရတာ စိပ်စိပ်လာတယ်ဆရာ"

"အင်း ဟုတ်ပြီ တစ်ခါတစ်ခါအောင့်ရင် ဘယ်လောက်ကြာလဲ"ဆရာဝန်ကြီးမှ ထပ်ဆင့်မေးသည်။

ဦးဘရှင်းမှ "အဲဒါတော့ အတိအကျ ပြောမပြတတ်ဘူးဆရာ။ အောင့်တဲ့အချိန် ပိုပိုကြာလာတာတော့ သတိထားမိတယ်ဆရာ"

"အေးဗျ …ခံစားရတဲ့ အတိုင်းအဆနဲ့ အောင့်တဲ့ချိန် ကြာမကြာသိရတော့ သွေးကြောကျဉ်းရုံပဲလား၊ သွေးကြောပိတ်ချင်တဲ့ လက္ခဏာလားဆိုတာ ခန့်မှန်းရအောင် မေးကြည့်တာပါ။ အခု အနေအထားအရဆိုရင်တော့ သွေးကြောပိတ်အဆင့်တော့ မဟုတ်ပါဘူး"။ "သွေးကြောကျဉ်းနေတာတော့ သေချာတယ်။ သွေးခဲပျော်ဆေးလည်း ထိုးထားတယ်။ ဆေးတွေ မှန်မှန်သောက်ပါ"

ဆရာဝန်ကြီးအခန်းတွင်းမှ ထွက်သွားပြီး မကြာခင် တံခါးခေါက်သံနှင့်အတူ လုပ်ငန်းတူမိတ်ဆွေ ဦးမျိုးဦး ဝင်လာသည်။

"သက်သာလား ဦးဘရှင်း ဆရာဝန်ကြီးက ဝင်တွေ့နိုင်ပြီဆိုလို့ ဝင်လာတာ။ ခင်ဗျားဗျာ အရင်တစ်ခေါက် ဆေးရုံတက်ကတည်းက ဂရုစိုက်ပါ၊ ဆင်ခြင်ပါလို့ ပြောတာကို ပေါ့တန်ရာရော ဦးဘရှင်းရာ"

"ခင်ဗျားပြောလည်း ခံရတော့မှာပဲ ကိုမျိုးဦးရေ"

"ခံရမှာဘဲ မလုပ်နဲ့ …ခံစရာရှိရင် ခင်ဗျားခံသွားရမှာနော် …၊ သဘောပေါက်ရဲ့မို့လား"

ဦးမျိုးဦးက ကရုဏာဒေါဒေါပြန်ပြောသည်။

"ဟုတ်ပါ့ဗျာ ကိုမျိုးဦးရေ …ကျွန်တော် မှတ်သွားပါပြီ။ တော်တော်ခံလိုက်ရတယ်။ ရင်ဝ တည့်တည့်နေရာက အောင့်တာ။ တစ်ခါတစ်ခါ လက်မောင်းအပေါ်ပိုင်း၊ အလယ်ပိုင်းတွေထိပါ အောင့်တာဗျို့။ လက်နဲ့ဆုပ်ထားခံရသလိုလို၊ အလေးနဲ့ ဖိခံရသလိုလို အောင့်သက်သက်နဲ့။ ချွေးတောင်ပြန်တယ်။ တစ်ခါတစ်လေများ တစ်မိနစ်၊ နှစ်မိနစ်လောက်ကို အောင့်တာကြာတယ်"

ဦးဘရှင်းက သူ၏ဝေဒနာခံစားရမှုနှင့်ပတ်သက်၍ ဆက်ပြောသည်။

"ကျွန်တော်ခံစားရတဲ့ ပုံစံကို ဆရာဝန်ပြောပြတော့ အဲဒါ သွေးကြောကျဉ်းတဲ့သဘောပဲ ရှိသေးတာ။ တကယ်လို့ ရင်ဘတ်အောင့်တာ ရှစ်မိနစ်၊ ဆယ်မိနစ်ကြာတဲ့အထိ မပျောက်ဘူးဆိုရင် သွေးကြောပိတ်တဲ့အဆင့်ထိ ရောက်နေပြီလို့ ယူဆနိုင်တယ်တဲ့"

"နှလုံးသွေးလွှတ်ကြောတွေထဲ အဆီဖု၊ အဆီခဲတွေ ဖြစ်လာလို့ နှလုံးသွေးကြောကျဉ်းလာတာ အဆီဖု၊ အဆီခဲတွေက ချက်ချင်းဖြစ်လာတာတော့ မဟုတ်ဘူး။ အနည်းဆုံး နှစ်(၂၀)လောက်ကြာမှ ဖြစ်လာတာ။ နှလုံးသွေးကြောကျဉ်းတဲ့သူ တစ်ရာမှာ ခြောက်ဆယ်လောက်ပဲ ဝေဒနာခံစားရတယ်။ လေးဆယ်လောက်က လက္ခဏာ မပြဘူး။ အဲလို လက္ခဏာ မပြတဲ့သူတွေမှာဆို ရုတ်တရက်သေဆုံးတတ်ကြတယ်တဲ့ဗျာ။ ဆရာဝန်ကြီးက ပြောပြတယ်"

"ခုနပြောတဲ့ နှလုံးသွေးကြောတစ်လျှောက် ဖြစ်လာတဲ့ အဆီဖု၊ အဆီခဲတွေ ပေါက်ပြဲပြီး သွေးကြောနံရံက ကလာပ်စည်းတွေ၊ သွေးထဲက အဆီတွေနဲ့ ပေါင်းမိသွားရင် သွေးခဲပြီး ပိတ်တဲ့အဆင့်ထိ ဖြစ်သွားတာတဲ့ဗျာ"

"ကျွန်တော်တို့က သဘောတရားလည်းမသိ၊ နှလုံးသွေးကြောတစ်လျှောက် ဖြစ်ပျက်နေတာ မြင်လည်း မမြင်ရတော့ ကြောက်ရမှန်းမသိ၊ ထိတ်ရမှန်း မသိဘူးပေါ့ဗျာ။ ခုတော့ ဝေဒနာလည်းခံရဖြစ်စဉ်သဘောလည်း သိရပြီဆိုတော့ အစားအသောက်အနေအထိုင် ဆင်ခြင်မှုကို ဖြစ်တော့မယ် ကိုမျိုးဦးရေ"

"ကျွန်တော်တို့ ပြောပြောနေတဲ့ သွေးပေါင်ချိန်ကလည်း အရေးကြီးတယ်ကိုး။ တကယ်တမ်းက သွေးပေါင်ဆိုတာ သွေးဖိအားကို ပြောတာဗျ။ သွေးဖိအားများတာ ကြာလာရင် သွေးကြောနံရံတွေ ဒဏ်ဖြစ်ပြီး ပြဲသွားမယ်။ ပြဲသွားတဲ့နေရာမှာ အဆီတွေ ဝင်လာမယ်။ ကယ်စီယမ်သတ္တုဓာတ်တွေနဲ့ ပေါင်းမိမယ်။ အဲဒီကနေ အဆီခဲတွေ ဖြစ်လာတာတဲ့ဗျာ"

"အဲဒီအဆီခဲတွေကနေ သွေးခဲအဆီဖုတွေ ဖြစ်လာပြီးတော့ သွေးကြောကျဉ်းစေတာတဲ့ဗျ။ အဆီဖု၊ အဆီခဲတွေ သိပ်ကြီးရင်တော့ သွေးကြောပိတ်သွားမယ်။ အထူးသဖြင့်တော့ နှလုံးသွေးလွှတ်ကြော သုံးချောင်းအတွင်းပိတ်ရင် နှလုံးသွေးကြောပိတ်သွားမှာတဲ့ဗျာ"

"နှလုံးသွေးကြောပိတ်နိုင်တဲ့အန္တရာယ်တွေအပြင် အဲဒီအဆီဖု၊ အဆီခဲတွေ ဦးနှောက်သွေးကြောထဲပိတ်ရင် လေဖြတ်မယ်။ ကျောက်ကပ်သွေးလွှတ်ကြောထဲမှာပိတ်ရင် နာတာရှည် ကျောက်ကပ်ရောဂါဖြစ်မယ်။ မျက်လုံးမှာရှိတဲ့ သွေးကြောတွေမှာ ပိတ်ရင် မျက်စိကွယ်နိုင်တဲ့ အထိဆိုပဲ …၊ အား …လား …လား … ကြောက်စရာလန့်စရာပဲ ကိုမျိုးဦးရာ …"

"ဆရာဝန်တွေ ရှင်းပြတာတော့ အများကြီးပဲဗျ။ မှတ်မိသလောက် တစ်ဆင့်ပြန်ပြောပြတာပါ။ ကျွန်တော်လည်း အခုမှ သွေးပေါင်ချိန်၊ သွေးတွင်းအဆီဓာတ်နဲ့ ဆီးချိုတွေကို ထိန်းချုပ်ရမယ်။ ဂရုစိုက်ရမယ်ဆိုတာ သဘောပေါက်နားလည်တော့တယ်"

"ရင်ဘတ်အောင့်တာတွေလည်း သက်သာနေပါပြီ။ ဒါပေမယ့် စောင့်ကြည့်အနေအထားပဲ ရှိသေးတယ်။ ဆေးက သွေးခဲပျော်စေပေမယ့် သွေးကြောထဲက အဆီဖု၊ အဆီခဲတွေကို မပျော်နိုင်ဘူးတဲ့။ သွေးကြောထောက်ကိရိယာ Stent ထည့်ရမယ်ပြောတယ်"

"သွေးကြောထောက်ကိရိယာထည့်တာက သွေးကြောချဲ့တဲ့သဘော၊ ပြန်မကျဉ်းအောင်လုပ်တဲ့သဘောပဲ။ ရိုးရိုးသွေးကြောထောက်ကိရိယာနဲ့ ဆေးနဲ့မံထားတဲ့ ကိရိယာဆိုပြီး နှစ်မျိုးရှိတယ်တဲ့။ ကိရိယာ ထည့်ပြီးရင်လည်း သွေးကျဲဆေး၊ အဆီကျဆေး၊ နှလုံးသွေးကြောကျယ်ဆေး၊ နှလုံးသွေးကြော စွမ်းဆောင်ရည်ကောင်းအောင်လုပ်ပေးတဲ့ ဆေးတွေလည်း သောက်ရမယ် ပြောတယ်"

ဦးဘရှင်း ပြောပြသည်များကို ဦးမျိုးဦး နားထောင်ပြီးနောက် …

"အိုး ….ဟိုး …ဦးဘရှင်း ခင်ဗျား ကျန်းမာရေးအသိတွေ တော်တော်ရှိလာပြီပဲ။ ကျွန်တော်လည်း ခင်ဗျားဆီကနေ ဗဟုသုတတွေ အများကြီး ရပါတယ်ဗျာ"

"အခုရှင်းပြတဲ့ သဘောအရဆိုရင် နှလုံးသွေးကြောကျဉ်းတယ်ဆိုတာ နှလုံးနဲ့ နှလုံးသွေးကြောတစ်လျှောက် အဆီခဲ၊ အဆီဖုတွေ ဖြစ်လာပြီး သွေးစီးဆင်းတာကို အဟန့်အတားဖြစ်ရတဲ့ သဘောပဲဗျနော် "

"ဒီသဘောတွေးမိတော့ ပြေးမြင်မိတာလေး ပြောပြမယ်နော်။ ချောင်းကြီး၊ မြောင်းကြီးနဲ့ မြစ်တွေမှာ ကျွန်းတွေ တွေ့ရပါရော။ အဲ ကျွန်းတွေက ရေစီးကြောင်းကို အဟန့်အတားဖြစ်အောင် ခံထားသလို ဒီ အဆီခဲ၊ အဆီဖုတွေကလည်း နှလုံးသွေးစီးကြောင်းကို အဟန့်အတားအဖြစ်ခံနေတဲ့ ကျွန်းတွေနဲ့ တူမနေဘူးလားဗျ"

"လက္ခဏာဆရာတွေ ပြောစကား ငှားပြောရရင် နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေတာလို့ ဆိုချင်သားဗျ"

ဦးမျိုးဦးက သူ၏စိတ်ထဲ တွေးထင်မိရာကို ပြောပြသည်။ ဦးဘရှင်း ပြုံးယောင်သန်းသွားပြီး…

"ခင်ဗျားကတော့ လုပ်ရှော့မယ် …ကိုမျိုးဦးရယ်၊ ကြံကြံဖန်ဖန် ပြောတတ်ရန်ကော …" ဟု ဆိုသည်။

"အလားသဏ္ဌာန်တူတာကို တွေးမိလို့ပါ။ ရယ်သွမ်းတွေးစရာ ပျက်ရယ်ပြုတာတော့ မဟုတ်ပါဘူး။ ပြုံးစေ၊ရယ်စေလိုတဲ့ သဘောပါ ဦးဘရှင်းရေ …" "ကျန်းမာရေးကို အရယ်ဖွဲ့တာ မဟုတ်ပါဘူး"

ဦးမျိုးဦးက ဦးဘရှင်းကို ပြန်ပြောရင်း …

"ဒါနဲ့ မေးပါရစေဦး …အခုလို နှလုံးသွေးကြောကျဉ်းတာ ဘာတွေကြောင့်လဲဆိုတာ ဆရာဝန်က ပြောပြသေးလား"ဟု အမေးပြုသည်။

ဦးဘရှင်းမှ "အင်း …ဟုတ်ပါရဲ့၊ ကျွန်တော် ပြောဖို့ရာ ကျန်ခဲ့တာ၊ နှလုံးသွေးကြောကျဉ်းဖြစ်စေတဲ့အကြောင်းတွေက ကျွန်တော်လို အဆီအဆိမ့်တွေစား၊ ဆေးလိပ်၊ အရက်၊ ဘီယာအသောက်များ၊ ကိုယ်လက်လှုပ်ရှားမလုပ်ဘဲ အဝလွန်နေတဲ့သူတွေ၊ သွေးတိုး၊ ဆီးချိုရှိသူတွေ၊ အဆီဓာတ်များတဲ့သူတွေ၊ စိတ်ဖိစီးမှုများတဲ့သူတွေ အဖြစ်များသတဲ့ဗျာ"

"ဒီအချက်တော်တော်များများနဲ့ ကိုက်ညီနေမယ်။ အသက်လည်း ငါးဆယ်အပိုင်းအခြားအရွယ်ဖြစ်မယ်ဆိုရင် နှလုံးကျန်းမာရေးစစ်ဆေးသင့်တယ်လို့ ဆရာဝန်က အကြံပေးသွားတယ် ကိုမျိုးဦးရေ"

"အေးဗျ ကျွန်တော်လည်း သွေးတိုးရှိတာရယ်၊ အသက်လည်း ငါးဆယ်ကျော်ပြီဆိုတော့ နှလုံးကျန်းမာရေး စစ်ရဦးမယ်။ တော်ကြာ နှလုံးလမ်းကြောင်း ကျွန်းခံနေမှ ခပ်ခက်ခက်ဖြစ်နေမှာ စိုးရတယ်။ ဦးဘရှင်းရေ အမြန်ဆုံး ကျန်းမာပါစေဗျာ …"

## အခြေခံငါးမွေးမြူရေးနှင့် ငါးအစာစပ်ထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲ ကျင်းပ



**ဟုမ္မလင်း ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ (စစ်ကိုင်း)က ဦးဆောင်ပြီး World Fish မှ နည်းပညာပံ့ပိုးမှုဖြင့် ကြီးမှူးကျင်းပသည့် အခြေခံငါးမွေးမြူရေးနှင့် ငါးအစာစပ်ထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၃နာရီက ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့ မြေနီကုန်းရပ်ကွက်၊ ဟန္တမိဘမဲ့ ဂေဟာတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က ဟုမ္မလင်းမြို့နယ်တွင် စားနပ်ရိက္ခာဖူလုံစေရန်အတွက် ငါးမွေးမြူတောင်သူများအနေဖြင့် ကြိုးစားလေ့လာမှတ်သားပြီး တက်ရောက်ကြရန် အဖွင့်အမှာစကားပြောကြားခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် World Fish မှ ဒုတိယစီမံကိန်းတာဝန်ခံ ဦးအောင်ဇော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြဆရာမများက ငါးမွေးမြူရန် မြေနေရာရွေးချယ်ခြင်း၊ တူးဖော်ခြင်း၊ ငါးရောဂါအကြောင်း၊ ငါးအစာဖော်စပ်ရာတွင်ပါဝင်သော အခြေခံကုန်ကြမ်းများအကြောင်း စသည့် အကြောင်းအရာများကို စာတွေ့၊ လက်တွေ့ပို့ချသင်ကြားပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၂၈ ဦး တက်ရောက်ကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

* – * – * – * – *

## စာဖတ်ရှိန်မြှင့်တင်ရေး မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**နတ်မောက် ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာန(Community Centre) ကလေးစာဖတ်ခန်း၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်သင်းသင်းဝေ(ဒုတိယဦးစီးမှူး)က အားလပ်ချိန်ကိုတန်ဖိုးရှိစွာ အသုံးပြုတတ်စေရန်၊ ကိုယ်ပိုင်တီထွင်တတ်သည့် အတွေးအခေါ်များရရှိစေရန်၊ စာကြည့်တိုက်သို့လာရောက်သည့် အလေ့အထများဖြစ်စေရန်နှင့် စိတ်လက်ပျော်ရွှင်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် ရည်ရွယ်၍ ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပပေးခြင်း ဖြစ်သည်။

ဆက်လက်၍ ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပရာ အခြေခံပညာအလယ်တန်းကျောင်း(တမာပင်)မှ ကျောင်းသား၊ ကျောင်းသူ ၂၇ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူတို့က ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။



**(အပေါ်ယာပုံ)**

**(၄၆၅)**

* – * – * – * – *

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေလေ့လာစို့။



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## တပို့တွဲလ

* မြူနှင်းများကျ ချမ်းအေးလှသည်
နာရည်ယိုရှဲ စိုစိုရွှဲကြ
တပို့တွဲလ။

* အအေးလွန်ကဲ ရေပါခဲ၍
နှင်းဖွဲ့ဖွဲ့ကျ မီးလှုံကြရ
တပို့တွဲလ။

* ပွင့်ကြပေါက်ပန်း နှင်းမှုန်ဆမ်း၍
လန်းဆန်းဝေဖြာ ပန်းရောင်ဖြာကျ
တပို့တွဲလ။

* ရှေးထုံးစဉ်လာ မမေ့ပါဘဲ
ထမနဲပွဲ ကျင်းပန္ဒဲကြ
တပို့တွဲလ။ ။

**အောင်မျိုးမြတ်(မန္တလေး)**

## အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက် ဆပ်ပြာဆီပြုလုပ်နည်းသင်တန်း ဖွင့်လှစ်

**ဇေယျာသီရိ ဇန်နဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၌ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက် ဘက်စုံသုံးဆပ်ပြာဆီပြုလုပ်နည်းသင်တန်းကို ယမန်နေ့ မွန်းလွဲပိုင်းက ပြည်သူ့စာကြည့်တိုက်အတွင်း၌ ဖွင့်လှစ်သင်ကြားသည်။

အဆိုပါသင်တန်းကို ဇေယျာသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်မာနှင်းက အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် အိမ်တွင်း တစ်နိုင်တစ်ပိုင် မိသားစုအပိုဝင်ငွေရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြ ဒေါ်ခင်မာဝင်းက ဆပ်ပြာဆီဖော်စပ်မည့် ပစ္စည်းများ၏ အကျိုးအာနိသင်နှင့် ဆိုးကျိုးများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အိမ်သုံးဆပ်ပြာဆီပြုလုပ်ပုံ၊ ပြုလုပ်နည်းအဆင့်ဆင့်ကိုပြုလုပ်ပြသရာ သင်တန်းသား၊ သင်တန်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုမှတ်သား၍ ကိုယ်တိုင်ပါဝင် လက်တွေ့ပြုလုပ်ဆောင်ရွက်ကြကာ သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## (Mobile Library) စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ဥတ္တရသီရိ ဇန်နဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ(Mobile Library) စနစ်ဖြင့် စာအုပ်၊ စာစောင်ငှားရမ်းပေးခြင်းကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက ရွှေနံ့သာရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ဆောင်ရွက်ခဲ့သည်။ ထိုသို့ စာအုပ်၊ စာစောင်များ ငှားရမ်းပေးရာတွင် မအားလပ်၍ စာကြည့်တိုက်သို့ မလာရောက်နိုင်သူများ၊ စာအုပ်၊ စာပေများကို လာရောက်ငှားရမ်းဖတ်ရှုရန်ခက်ခဲသူများအတွက် Mobile Library စနစ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် သုတ၊ ရသများ၊ မဂ္ဂဇင်းများနှင့် ဝတ္ထုစာအုပ်များ ငှားရမ်းပေးပြီး အပတ်စဉ် စာအုပ်အသစ်များ သွားရောက် လဲလှယ်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

* – * – * – * – *

သတင်းပဒေသာ

## နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို အပတ်စဉ်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်နေပြည်သူများထံ သွားရောက်အခမဲ့ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## တီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်တွင် ကျောင်းအခြေပြု တီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းများကို အခြေခံပညာကျောင်းများ၌ ယမန်နေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တီဘီရောဂါကင်းစင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ထက်အောင်က ကျောင်းအခြေပြုတီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

## တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး စာပေဟောပြော

ကျိုင်းတုံမြို့နယ် စာရေးဆရာအသင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းအဆင့် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး စာပေဟောပြောပွဲကို ယမန်နေ့က အဆိုပါကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးသန်းက မိမိဘဝတိုးတက်စေရေးတို့အတွက် အောင်ချက်မြင့်မားရေး အာရုံစူးစိုက်ကြိုးစားကြရန်လိုအပ်ပါကြောင်း အားပေးစကားပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဦးလှမြင့်(ဆာယာလှမြင့်)၊ အတွင်းရေးမှူး ဦးနေဝင်း(နိုင်နိုင်အောင်ဝေ)၊ အဖွဲ့ဝင် ဦးရန်နိုင်ထွန်း(ရန်နိုင်-သီလဝ)တို့က တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးဆိုင်ရာအကြောင်းအရာများနှင့် စာမေးပွဲမှာ ကြိုးကြိုးစားစားဖြေဆိုကြရန် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လူငယ်စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၌ ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းသား၊ ကျောင်းသူများ၏ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားသည်။ ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက လူငယ်များစာဖတ်သည့် အလေ့အကျင့်ကောင်းများဖြင့် အချိန်ကို အကျိုးရှိစွာအသုံးပြု၍ စဉ်းစားတွေးခေါ်မှု စွမ်းရည်မြင့်မားပြီး ဗဟုသုတ်ပွဲ့ဖြိုးလာစေရန်နှင့် လူငယ်စကားဝိုင်းကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းမင်းအောင်က ဦးဆောင်၍ လူငယ်စကားဝိုင်းကို စတင်ခဲ့ရာကျောင်းသား၊ ကျောင်းသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းထားသည့်ပစ္စည်းများအား ရေဘေးသင့်ပြည်သူများထံ ပေးအပ်



**သာစည် ဇန်နဝါရီ ၂၆**

ပြည်တွင်း၊ ပြည်ပ အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရထံ ပေးပို့လှူဒါန်းထားသည့် ပစ္စည်းများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က သာစည်မြို့နယ်ရေဘေးသင့်ပြည်သူများထံ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၂ ရက် မွန်းလွဲပိုင်းက မိတ္ထီလာခရိုင် သာစည်မြို့နယ်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ တက်ရောက်ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသောပစ္စည်းများကို ရေဘေးသင့်ပြည်သူများထံ ပေးအပ်သည်။ ပေးအပ်ပွဲတွင် ဆန်၊ ရေ၊ ရိက္ခာနှင့်အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ ပေးအပ်ခဲ့သည်။ ၎င်းနောက် ရေဘေးသင့်ပြည်သူများကိုယ်စား ညောင်ရမ်းဈေးကျေးရွာအုပ်စုမှ ဦးအောင်စိုးဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရေဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄စ၇)

## ဗုဒ္ဓယဉ်ကျေးလိမ္မာ(မြို့နယ်အဆင့်)အောင်လက်မှတ်များ ပေးအပ်

**မန္တလေး ဇန်နဝါရီ ၂၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် အဘိဓမ္မာဂုဏ်ထူးဆောင်(ဋီကာကျော်) သံယုတ်ကာ ကျမ်းများ၊ ဗုဒ္ဓယဉ်ကျေးလိမ္မာ(မြို့နယ်အဆင့်) အောင်လက်မှတ်ပေးအပ်ပွဲနှင့် ဂုဏ်ထူးရသူများအား ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မန္တလေးမြို့၊ စိန်ပန်းလမ်း၊ (၁၁၁)လမ်း၊ လမ်းဂွထောင့်ရှိ ဖောင်တော်ဦးကျောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်းဆရာတော် ဘဒ္ဒန္တသီဟနာဒ(အဂ္ဂမဟာပဏ္ဍိတ)၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တဝါသဝသီရိ(သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ချမ်းမြသာစည်မြို့နယ်၊ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဘဒ္ဒန္တအာစိဏ္ဏ(သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ဆရာတော်များအမှူးပြု၍ ပင့်သံဃာတော် ၇ ပါးကြွရောက်ချီးမြှင့်၍ ချမ်းမြသာစည်မြို့နယ်၊ သာသနာရေးအဖွဲ့၊ မြို့နယ်ဥပဋ္ဌာကအဖွဲ့နာယက၊ ဖောင်တော်ဦးဖောင်တော်ပွဲ့ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ သုဓမ္မဘူမိ အဘိဓမ္မာအသင်းနာယက၊ သမားတော်ကြီး ဦးသန်းထွန်းနှင့် ဂေါပကအဖွဲ့ဝင်များ သုဓမ္မဘူမိ အဘိဓမ္မာအသင်းကြီး၏ သင်တန်းမှူးဆရာမကြီး ဒေါ်သဲသဲနှင့် နည်းပြများ၊ သင်တန်းသူ၊ သင်တန်းသားများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ထံမှ ဩဝါဒကထာနာကြားကြပြီး ဂေါပကဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ သင်တန်းမှူး ဆရာမကြီးက သင်တန်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း၊ လှူဖွယ်များဆက်ကပ်လှူဒါန်းခြင်းနှင့် ဆုရရှိသူများအား ဆုများပေးအပ်ခြင်း၊ အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ခြင်းများပြုလုပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

## ဝါစိမ်းနီပန်းချီဆရာများအသင်းမှ ပြည်သူ့စာကြည့်တိုက်သို့ ပန်းချီကားများ လာရောက်လှူဒါန်း

**တောင်တွင်းကြီး ဇန်နဝါရီ ၂၆**

ဝါစိမ်းနီပန်းချီဆရာများအသင်းမှ တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖွင့်လှစ်ထားသည့် ပြတိုက်ငယ်(Mini Museum)အတွက် ပန်းချီကားများ လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါ ဝါစိမ်းနီပန်းချီဆရာများအသင်းမှ လာရောက်လှူဒါန်းခဲ့သည့် ပန်းချီကားတစ်ချပ်လျှင် တန်ဖိုးငွေကျပ် တစ်သိန်းကျော်ရှိကာ ပန်းချီကားချပ် စုစုပေါင်း ၆ ချပ် လာရောက်လှူဒါန်းခဲ့သည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် နေ့စဉ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူ ရင်သွေးငယ်များ၊ လူငယ်လူရွယ်များအား သုတ၊ ရသစာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်း၊ စာကြည့်တိုက်အတွင်း ဖတ်ရှုခြင်းအပြင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အထင်ကရ ရှေးဟောင်းသမိုင်းဝင်စေတီများနှင့် သမိုင်းအကျဉ်း၊ တောင်တွင်းကြီးဒေသမှ ရိုးရာအိုးလုပ်ပုံအဆင့်ဆင့် မှတ်တမ်းဓာတ်ပုံများနှင့် ရိုးရာအိုးပြုလုပ်ရာတွင် အသုံးပြုသည့်လက်ခတ်များ၊ စာရေးဆရာကြီး ဦးအောင်သင်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း၊ ရှေးခေတ်ဓာတ်ပြားဟောင်းများ၊ အေဒီ ၁ ရာစုမှ ၉ရာစုအတွင်း အသုံးပြုခဲ့သည့် ပျူခေတ်လက်ရာပါ အုတ်ချပ်များ၊ အင်းဝခေတ်သုံးလက်လုပ်မြေဆေးတံများ၊ ဘိက္ခုပါစိတ် ပါဠိပေထုပ်၊ ကုန်းဘောင်ခေတ်ရေးပေထုပ်၊ ရွှေစက်တော်သမိုင်းပေထုပ်၊ ပျူခေတ်ပယင်းနားဋ္ဌောင်း၊ မြန်မာလက်နှိပ်စက်၊ မြန်မာ့ရိုးရာနွားလှည်း၊ ရှေးဟောင်းမြို့ရိုးအုတ်ချပ်များနှင့် ကုန်းဘောင်ခေတ်သုံး ရတနာပုံဒေါင်းဒင်္ဂါးများ၊ ပေလေးပင်ရှင်လေးပါး အတ္ထုပ္ပတ္တိအကျဉ်းချုပ်များ စသည့်တို့ကို အလွယ်တကူလေ့လာနိုင်ရန် ပြတိုက်ငယ်(Mini Museum)ဖွင့်လှစ်ပေးထားလျက်ရှိကြောင်း သိရသည်။

**နောင်နောင်(မိဿနိုးမြေ)**

* — * — * — * — *



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မကွေးတိုင်းဒေသကြီး မကျီးစုကျေးရွာ မြိုင်မြို့နယ်နေ မိခင်ကြီးဒေါ်မြသိန်းအားရည်စူး၍ (သမီး)ဒေါ်ဝင်းဝင်းနှင့် (သား)ကိုဇေယျာထွန်း+မခင်ချိုသက်၊ (မြေး)မောင်ဘုန်းမြတ်ဇေ မိသားစု မှ ဆွမ်း၊ ဆွမ်းအလှူငွေကျပ် ၁၀ သိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာတင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။ (ကဆ)

# Maha Kumbh Mela ထာဝစဉ်တည်တံ့မည့် ကမ္ဘာ့ရွာအဖြစ် လူသိများ ထင်ရှားလာခြင်း

ဤ 'ကမ္ဘာ့ရွာ' သည် လူသားမျိုးနွယ်၏ ကျယ်ပြန့်သော ကဏ္ဍနယ်ပယ်အသီးသီးမှ အာရုံစူးစိုက်မှုကို ဆောင်လျက်ရှိသည်။ ဤ 'ကမ္ဘာ့ရွာ' သည် ဟိန္ဒူဘာသာ၏ထာဝစဉ်တည်ရှိသော ယုံကြည်ချက်များနှင့် ကျင့်သုံးမှုများအတွက် သက်ရှိသက်သေ တစ်ခုဖြစ်ပြီး အသစ်ထွက်ပေါ်နေသော မျက်နှာစာများအတွက် လုံခြုံမှုရှိသော စမ်းသပ်ဖွယ်နေရာတစ်ခုဖြစ်သည်။ ၎င်းသည် ဆင့်ကဲဖြစ်ပေါ်ခြင်း၊ မျှခြေနှင့် ပါဝင်ပတ်သက်ခြင်း စသည်တို့၏ ထာဝရ တစ်ပြိုင်နက်တည်း လုပ်ငန်းစဉ်သုံးမှုကို လုပ်ဆောင်ပေးနိုင်သည်။

ယခုနှစ်တွင် လူသန်းပေါင်းများစွာသည် Prayagraj ရှိ Maha Kumbh Mela သို့ ရောက်ရှိပါဝင်လာပါသည်။ Mela (တရားမျှတမှု)သည် ဟိန္ဒူယုံကြည်ချက်များနှင့်ကျင့်သုံးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ကြည့်ရှုနိုင်ပြီး အမြင်နှင့်အတွေ့အကြုံဆိုင်ရာ ထိုးထွင်းသိမြင်မှုများကို ပံ့ပိုးပေးပါသည်။ အမျိုးမျိုးသော ကွဲပြားမှုတို့ ပါဝင်လျက် အချင်းချင်း ဆက်စပ်မှုရှိသောအာရုံကို တိုးပွားစေသည့် နေရာတွင်ပင်လျှင် တည်ငြိမ်အေးချမ်းသော စိတ်ထားသည် ပျံ့နှံ့လျက်ရှိ၏။ Mela သည် ဓာတ်ကြီးငါးပါး ဖြစ်သည့်(မြေ၊ ရေ၊ လေ၊ မီးနှင့် အာကာသ)ကို ဂုဏ်ပြုခြင်းအားဖြင့် သဘာဝအား ဦးညွှတ်ခြင်းနှင့်ချိတ်ဆက်သည်။ ဤဓာတ်ကြီးငါးပါး၏ သဟဇာတ ချိန်ခွင်လျှာကို အလေးပေးကာ သဘာဝစွမ်းအားများနှင့် ၎င်းတို့၏ နက္ခတ်ဗေဒင်ဆိုင်ရာ အရေးပါမှုများကို ထုံးတမ်းဓလေ့များ လေ့လာခြင်းနှင့် ဉာဏဆိုင်ရာစုံစမ်းခဲ့ကြသည့်အချိန်ကို ပြန်လည်အမှတ်ရစေသည်။

ဂင်္ဂါမြစ်၊ ယမုံနာမြစ်နှင့် ဒဏ္ဍာရီလာ သူရဿတီမြစ်များ ဆုံစည်းရာ Prayagraj တွင်ရှိသည့် Trivani Sangam မြစ်ဝ ကျွန်းပေါ်ဒေသသည်အုပ်စုတစ်စုချင်းတွင် သူတို့ရဲ့ကိုယ်ပိုင်ရည်ရွယ်ချက်များရှိသည့် မတူညီသော အလွှာပေါင်းစုံမှ လူမျိုးစုံဖြစ်သည့် ဟိမဝန္တာတောင်တန်းများမှ ယောဂီများမှအစပြုပြီး ကြည်ညိုသော ဘုရားဖူးများ၊ စူးစမ်းလေ့လာလိုသော ခရီးသွားများနှင့် ကမ္ဘာလှည့်ခရီးသည်များအထိ လူသားမျိုးနွယ်၏ ကျယ်ပြန့်သောရောင်စဉ်နယ်ပယ်များကို ဆွဲဆောင်လျက်ရှိသည်။ ဤ ၄၅ရက်ကြာသော ပွဲတော်ကို စီမံခန့်ခွဲသူများ၊ မြေပြင်ပံ့ပိုးမှု၊ စေတနာ့ဝန်ထမ်းများ၊ စီးပွားရေးသမားများနှင့် စွန့်ဦးတီထွင်သူများ၏ ဂေဟစနစ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ ထိုသို့သောအတိုင်းအတာသည် နယ်ပယ်စုံ စိတ်ဝင်စားဖွယ်များဖြင့် ပညာတတ်များ၊ သုတေသီများနှင့် ဆန်းသစ်တီထွင်သူများ၏ အာရုံစိုက်မှုကိုလည်း စုစည်းထားသည်။

ဗြဟ္မာ၊ ဗိဿနိုး နှင့် မဟေ့စ်ဖြစ်စဉ်သုံးရပ်တွင် ထည့်သွင်းထားသော သုံးသရာသုံးပါး၏ ဆွဲဆောင်မှုရှိသော ပေါင်းစပ်မှု အပါအဝင် မြစ်သုံးစင်းတို့ဆုံရာ ဤပြည်တွင် သုံးပါးသော အရာများအားလုံး ဆုံစည်းကြသည်။ ဗြဟ္မာသည် ဆင့်ကဲဖြစ်ပေါ်ခြင်းကိုကိုယ်စားပြုပြီး ဗိဿနိုးသည် မျှခြေကို ကိုယ်စားပြုကာ ရှိဝသည် ပါဝင်ဆောင်ရွက်ခြင်းကို ကိုယ်စားပြုသည်။ Kumbh Mela သည် လုပ်ငန်းစဉ်သုံးရပ်လုံး၏ ကောင်းမွန်သော ဥပမာတစ်ခုဖြစ်သည်- အတိတ်ကို ဂုဏ်ပြုခြင်း၊ ပစ္စုပ္ပန်ကို ရောင်ပြန်ဟပ်ခြင်းနှင့် အနာဂတ်အတွက် ပြင်ဆင်ခြင်းတို့ ဖြစ်သည်။

Mela သည် ဒေဝတာများနှင့် အဇူရာများတို့၏ နာမည်ကျော် ဟိန္ဒူဒဏ္ဍာရီ - Samudra Manthan သို့မဟုတ် ပင်လယ်သမုဒ္ဒရာ လှိုင်းထန်ရာတွင် ၎င်း၏မူလဇစ်မြစ်များကို တွေ့ရှိသည်။ ထိုသို့ ပင်လယ်သမုဒ္ဒရာလှိုင်းထန်ရာမှသည် Kumbh of Amrit (ဝတ်ရည်အိုး) အပါအဝင် အမျိုးမျိုးသော မသေနိုင်သည့် လက်ဆောင်များ ထွက်ပေါ်လာသည်။ Kumbh Mela သည် Haridwan Nasik Ujjain နှင့် Prayag မြို့လေးမြို့တိုင်းတွင် လေးနှစ်တစ်ကြိမ် ကျင်းပသည့် အထိမ်းအမှတ်တစ်ခု ဖြစ်သည်။

ပွဲတော်၏ကြီးမားသော ဘာသာရေးဆိုင်ရာ အရေးပါမှုအပြင် Kumbh Mela သည်လည်း ယဉ်ကျေးမှုနှင့် ယုံကြည်ကိုးကွယ်မှုအရ အရေးပါပါသည်။ ရှားပါးသောမြို့တစ်ခုရှိ ဘုရားဖူးများနှင့် ဘုရားဖူးအရေအတွက် များပြားခြင်းသည် ရှားပါးပြီး ထူးခြားသော အတွေ့အကြုံကို ဖန်တီးပေးကာ ဧည့်သည်အမြောက်အမြားကို Mela ၏ဆန်းကျယ်သောပညာကို ထိုးထွင်းသိမြင်နိုင်စေရန် ဆွဲဆောင်ပါသည်။ သမိုင်းကြောင်းအရ၊ နိုင်ငံခြားခရီးသွားများစွာသည် ၎င်းတို့၏လည်ပတ်မှုဆိုင်ရာ အသေးစိတ်မှတ်တမ်းများကို ရေးသားခဲ့ကြပြီး Kumbh Mela သည် ကမ္ဘာလုံးဆိုင်ရာအသိအမှတ်ပြုမှုကို ရရှိစေခဲ့သည်။ Hieun Tsan ၏ရာဇဝင်ချုပ်များနှင့် Fanny Parkes ဂျာနယ်များ (ဘုရားဖူးတစ်ယောက်၏ခရီးများ)သည် ခေတ်အဆက်ဆက် ကမ္ဘာအနှံ့ပရိသတ်ကို စွဲလမ်းစေခဲ့သည်။

Mela ၏အတိုင်းအတာသည် အမြဲတမ်းကြီးမားပြီး ဆယ်စုနှစ်တစ်ခုစီတိုင်းတွင်သာ ကြီးထွားလာသည်။ ယခုနှစ်အတွင်း ခန့်မှန်းခြေ စည်သည်အရေအတွက်သည် Mela ကာလအတွင်း သန်း ၄၀၀ ကျော်ဖြစ်နိုင်ဖွယ်ရှိသည်။ Mela ဧရိယာဟက်တာတစ်သောင်းကို ဇုန် ၁၀ ခုနှင့် ကဏ္ဍ ၂၅ ခုဖြင့် ယာယီခရိုင်အဖြစ် ကြေညာခဲ့သည်။ ဤအတိုင်းအတာ၏ ယာယီမြို့ကို တည်ထောင်ခြင်းသည် ကြီးမားသော အုပ်ချုပ်ရေးစိန်ခေါ်မှုဖြစ်ပြီး အဓိကအားဖြင့် ထိုနေရာသည် ယခုနှစ်တွင် အလွန်တုံ့ဆိုင်းသွားသော ဂင်္ဂါမြစ်ရေကြီးသော လွင်ပြင်ပေါ်တွင် တည်ရှိပြီး အားလုံးစီစဉ်ရန် အချိန်အနည်းငယ်သာ ကျန်ရှိတော့သည်။

အချိန်အကန့်အသတ်ရှိသော်လည်း၊ အစိုးရဌာနများနှင့် အေဂျင်စီအသီးသီးသည် ပထမအကြိမ် snan (holy dio) ရက်မတိုင်မီ အခြေခံအဆောက်အအုံနှင့် အဆင်သင့် ပံ့ပိုးမှုများပေးရန် (၂၄)နာရီပတ်လုံး လုပ်ဆောင်ခဲ့ကြသည်။ လုံခြုံရေး၊ အသွားအလာ၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် အခြားအစီအစဉ်များကို စီမံခန့်ခွဲရန် ဘတ်ဂျက်အမြောက်အမြား ခွဲဝေချထားပေးပြီး ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများကို ဖြန့်ကြက်ချထားပါသည်။ Uttar Pradesh အစိုးရသည် ၎င်း၏ Digi Kumbh အစပျိုးမှုနှင့်အတူ ကြီးမားသော နည်းပညာဆိုင်ရာတွန်းအားပေးမှုကိုလည်း ပြုလုပ်ခဲ့သည်။ မျက်နှာနှင့် ယာဉ်နံပါတ်ပြားမှတ်သားမှုကို အသုံးပြု၍ AI စနစ်သုံး CCTV စနစ်များသည် လူစုလူဝေးသွားလာမှု၊ ယာဉ်ကြောအသွားအလာနှင့် ကားရပ်နားရန် စီမံခန့်ခွဲမှုတို့ကို ပံ့ပိုးပေးနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ထို့အပြင် (၂၄)နာရီပတ်လုံး ရေအောက်လှုပ်ရှားမှုများကို စောင့်ကြည့်ထောက်လှမ်းမှုပေးစွမ်းရန် အဆင့်မြင့်ပုံရိပ်ဖော်စွမ်းရည်များပါရှိသော မောင်းသူမဲ့လေယာဉ်များကိုလည်း ဖြန့်ကြက်ချထားပါသည်။ AI စနစ်သုံး chatbot ကို ဘာသာစကား (၁၁) မျိုးကျော်ဖြင့် ပြောဆိုဆက်သွယ်ပြီး လွယ်ကူသော လမ်းကြောင်းပြမှုကို ဖွင့်ပေးထားပါသည်။

လွတ်လပ်သောအိန္ဒိယတွင် Kumbh Mela ကို ၁၉၅၄ ခုနှစ်ကတည်းက လက်ခံကျင်းပခဲ့ပါသည်။ အစိုးရတိုင်းသည် ဘုရားဖူးများအတွက် ချောမွေ့ပြီး အမှတ်တရဖြစ်စေသော အတွေ့အကြုံတစ်ခုဖြစ်စေရန် အကောင်းဆုံးကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့ကြသည်။ အောင်မြင်သော အစပြုမှုနှင့် ဆောင်ရွက်မှုများတွင် ထိုသို့သော ကြိုးပမ်းမှုများသည် ကမ္ဘာတစ်ဝန်းမှ အာရုံစူးစိုက်မှုကို ရရှိပြီး မနုဿဗေဒဆိုင်ရာရှုထောင့်မှ ကျော်လွန်၍ သုတေသနပြုမှု ပုံစံအမျိုးမျိုးကို ဆွဲဆောင်ခဲ့ပါသည်။

Harvard University London School of Economics (LSE) IIM Bangalore နှင့် MIT ကဲ့သို့သော ကမ္ဘာနှင့်အဝန်း အိန္ဒိယပညာရေးဆိုင်ရာထိပ်တန်းအဖွဲ့အစည်းများသည် လုပ်ငန်းဆောင်ရွက်မှုစကေးမှ သင်ယူပြီး ထိုကဲ့သို့ ကြီးမားသောပွဲကြီးမှ ထိုးထွင်းသိမြင်နိုင်စေရန် ကျယ်ကျယ်ပြန့်ပြန့်လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။ ပညာရပ်ပေါင်းစုံဖြင့် ပြုလုပ်သော ဤလေ့လာမှုများသည် အခြေခံအဆောက်အအုံများ၊ အများပြည်သူ စီမံခန့်ခွဲမှု၊ လူမှု-ယဉ်ကျေးမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ နည်းလမ်းများ၊ AI နှင့် နည်းပညာများအပေါ် အာရုံစိုက်ပြုလုပ်ကြသည်။ အထူးသဖြင့် ပင်မရေချိုးသည့်နေ့များတွင် ဘုရားဖူးခရီးစဉ်၏ ကြီးမားသော အတိုင်းအတာပမာဏမှာ သန်းပေါင်းများစွာသောသူများ သန့်ရှင်းသောရေ၌ ရေချိုးသည့်အခါ အလွန်ပင် အံ့အားသင့်စရာ ဖြစ်သည်။

ထိုသို့သော အလွန်များပြားလှသည့်လူများ စုစည်းရောက်ရှိလာမှုသည် ကုန်အမှတ်တံဆိပ်မြင်နိုင်စွမ်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ရှာဖွေရေးအခွင့်အလမ်းများအတွက် ကြီးမားသော အလားအလာလည်း ဖြစ်သည်။ ကြီးမားသော ကုန်အမှတ်တံဆိပ်လုပ်ငန်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်နေသော ပြည်တွင်း စီးပွားရေးလုပ်ငန်းများသည် ကြီးမားများပြားသော လူအုပ်ကြီး၏ ကဏ္ဍအားလုံးကို ဝန်ဆောင်မှုပေးရန် အခွင့်အရေးတိုင်းကို အသုံးချနေကြသည်။ ရက်အနည်းငယ်ကြာ လာရောက်လည်ပတ်သော ဧည့်သည်များသည် ရရှိနိုင်သော ရွေးချယ်စရာအမျိုးမျိုးဖြစ်သည့် ဇိမ်ခံတဲများ၊ ဈေးသက်သာသောတဲများ၊ ဟိုတယ်များ၊ တည်းခိုခန်းများ၊ အိမ်ရှင်နှင့်အတူ နေတည်းစရာများစသည်တို့မှ နှစ်သက်ရာ ရွေးချယ်နိုင်သည်။ တက္ကစီယာဉ်မောင်းများမှ သဘော်သားများအထိ ကုန်စည်ပို့ဆောင်ပေးသူများသည် ဧည့်သည်များကို ဝန်ဆောင်မှုများ ပေးနိုင်ရန် အဆင်သင့်ဖြစ်နေပြီး ဈေးသည်များသည် တစ်ရက်တာအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ဝတ်ပြုဆုတောင်းမှုများနှင့် ထုံးတမ်းစဉ်လာများကို ဖြည့်ဆည်းပေးရန် အဆင်သင့်ဖြစ်နေသည်။

Kumbh Mela တွင် ဟိန္ဒူနက္ခတ္တဗေဒ၊ နက္ခတ်ဗေဒင်ပညာ၊ တည်ဆောက်ထားသော အမွေအနှစ်များ၊ ဂေဟဗေဒနှင့် ဒေသအစားအစာ စသည်တို့သည် ပေါများကြွယ်ဝစွာ တည်ရှိနေသည်။ ဘုရားဖူးသူများ၊ ကိုးကွယ်ဆည်းကပ်သူများနှင့် ခရီးသွားသူများမှ အစပြု၍ ဈေးကွက်ဂရုများ၊ ပညာရှင်များနှင့် သုတေသနဝါသနာရှင်များအထိ လူတိုင်းအတွက် ကြည့်ရှုရန်နှင့်ပါဝင်ဆောင်ရွက်ရန်အတွက် အဓိပ္ပာယ်ရှိပြီး ဆွဲဆောင်မှုရှိသော အရာတစ်ခု Maha Kumbh Mela တွင်ရှိပါသည်။

**Dr.Kavita Gupta,**
**Founder, Dus Dishaa**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Top @ Choi Seun-hyun အကြောင်း Squid Game ဒါရိုက်တာပြောကြားထား




ကမ္ဘာကျော် Squid Game ၏ Thanos ဇာတ်ကောင်အတွက် သရုပ်ဆောင် ၁၁ ဦးတွင် တော့ပ် (ခေါ်) ချွိုင်ဆီဟွမ်လည်း ပါဝင်ရန် ရွေးချယ်ခဲ့ပြီး သူ့အကြောင်းကို ဒါရိုက်တာက ပြောကြားထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Squid Game ဒါရိုက်တာ၏ ပြောကြားချက်အရ တော့ပ်(ခေါ်)ချွိုင်ဆီဟွမ်သည် အနုပညာလုပ်ငန်းများ ရပ်နားထားသည်မှာ ကြာနေပြီဖြစ်ရာ (မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်) ဤကားဇာတ်ရုပ်နှင့် သူကိုယ့်သူပြန်သရော်သည့် ဇာတ်ရုပ်အတွက် Thanos Character သင့်တော်သူဖြစ်၍ ရွေးချယ်ခဲ့ခြင်းဖြစ်သည့်အပြင် ရက်ပ်ရှုတ်ခိုင်းစဉ်က စိတ်လှုပ်ရှားနေခဲ့သည်။

တော့ပ်ပါဝင်လာခြင်းနှင့် ပတ်သက်၍ လီကျောင်ဂျေး ၄၅၆ က ရိုက်ကွင်းတွင် ကြိုးစားသရုပ်ဆောင်ထားသည်ကိုတွေ့ရကြောင်း ထပ်ဆင့်အတည်ပြုပေးခဲ့ရာ ပရိသတ် အချို့ဝေဖန်ခံခဲ့ရသော်လည်း လူငယ်များကြားတွင် ခရမ်းရောင်ဆံပင်နှင့် တော့ပ်ဇာတ်ရုပ်မှာ ရေပန်းစားခဲ့ပြီး တော့ပ်သေဆုံးသွား၍ မကြည့်ချင်လောက်အောင်ဖြစ်ခဲ့ကြသည်။

(SKY)

## Margaret Qualley ၏ Stars at Noon ကိန်းရုပ်ရှင်ပွဲတော်တွင် ဆုရရှိထား

ဟောလိဝုဒ်အလှပဂေးမလေး မာဂရက်ကွာလီနှင့် တေလာဆွစ်၏ ခင်ပွန်းဂျိုအယ်ဝမ်တို့ ပါဝင်ထားသည့် Star at Noon မှာ ကိန်းရုပ်ရှင်ပွဲတော်တွင် ဆုရရှိထားသည့် ဇာတ်ကားဖြစ်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားဒါရိုက်တာမှာ နာမည်ကျော်တစ်ဦးဖြစ်သည့် ကလဲယာဒန်နီးဖြစ်ပြီး High Life, Both Sides of the Blade နှင့် Beau Travall တို့ကို ရိုက်ကူးခဲ့သူဖြစ်ပြီး Stars at Noon နှင့် ကိန်းရုပ်ရှင်ပွဲတော်တွင် Grand Prize of the Festival ဆု ရရှိထားသည်။

အမေရိကန်သတင်းထောက်မလေးနှင့် အင်္ဂလန်စီးပွားရေးသမားတို့၏ ပဟေဠိဆန်သော အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပြီး၊ ခန့်မှန်းရခက်သည့် ဆန်းကြယ်သောဇာတ်လမ်းတစ်ပုဒ်ဖြစ်ကာ နားလည်ရခက်သော်လည်း ကိန်းရုပ်ရှင်တွင် ဆုရရှိထားသည်။

(SKY)




## One Direction အဖွဲ့ဝင် ကြယ်ပွင့်လေး ကြွေခဲ့ရ၍ ဖခင်ဖြစ်သူ ခံစားနေရ

ကမ္ဘာကျော် one Direction အဖွဲ့ဝင် Liam Payne ကြယ်ပွင့်လေး ကြွေလွင့်ခဲ့ပြီးနောက် ဖခင်ဖြစ်သူက သူ့ခံစားမှုများကို ရင်ဖွင့်ပြောကြားထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Liam Payne ၏ဖခင်က သူ့ သားနှင့်ပတ်သက်၍ ခံစားမှုများကို ပရိသတ်ထံ ဝေဖန်ပြောကြားထားရာ အစ်မနှစ်ယောက်နှင့်အငယ်ဆုံးသားလေး ရုတ်တရက်ကွယ်လွန်သွား၍ ခံစားနာကျင်ခဲ့ရကြောင်း၊ အသက် ၁၄ နှစ်နှင့် The X Factor ပြိုင်ခဲ့ပြီး ၁၇ နှစ်မှစ၍ အိမ်မှထွက်ခွာခွင့်ပြုခဲ့ပြီး အဖွဲ့ဝင်ငါးဦးတွင် အလတ်ကောင်အဖြစ် ဂီတကို ရူးသွပ်သူဖြစ်ကြောင်း၊ အောင်မြင်မှုနှင့်အတူ တိုက်ခိုက်ခံရပြီး ကြိုးစားခဲ့ရာမှ၂၀၁၆ ခုနှစ်တွင် ၁၈ လနားကြောင်းထုတ်ပြန်ခဲ့၍ သေချာပေါက်ပြန်လာမှာဟု ပြောခဲ့ကြောင်း တစ်ကိုယ်တော်ခွေထုတ်ရင်းအဖွဲ့ဝင်များကို အမြဲပံ့ပိုးကူညီခဲ့ကာ ပရိသတ်ဝေဖန်မှုများ အများဆုံးခံခဲ့ရပြီး အပြုံးမပျက်သူ ၂၀၂၂ ခုနှစ်တွင် အကောင်းဆုံးပုံရိပ်ကို ပြသရန် ကြိုးစားနေပြီး ၂၀၂၄ ခုနှစ်တွင် လောကကြီးမှ ထွက်ခွာသွားခဲ့သူ ဖြစ်သည်။

Liam Payne သည် ဘဝအစမှအဆုံးထိ ပရိသတ်အတွက် အချိန်ပေးခဲ့ပြီး အိမ်ခြေရာမဲ့လူ့ဒါန်းမှု၊ ကိုဗစ်ကာလလှူဒါန်းမှုများပြုလုပ်ပြီး လောကကြီးမှ ထွက်သွား၍ ဖခင်မှာ ဖြေမဆည်နိုင်ဖြစ်နေခဲ့သည်။ (SKY)



## Mik Thongraya ကလေးချစ်သည့် လူပျိုကြီး ဖြစ်


ထိုင်းအနုပညာရှင် မစ်သွန်ဂရာယာသည် လူပျိုကြီးတစ်ဦးဖြစ်သော်လည်း ကလေးချစ်တတ်သူဖြစ်၍ ဆောင်းရာသီတွင် အလည်ရောက်လာကြသည့် သားအဖကို နွေးထွေးမှုပေးခဲ့သည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

မစ်သွန်ဂရာယာနှင့် ရင်းနှီးသောဆက်ဆံရေးရှိသည့် ပိုရာရှီတို့ သားအဖအလည်ရောက်ရှိလာရာ သားလေးဟိုမက်စ်ကို တူလေးတစ်ဦးကဲ့သို့ အချိန်ပေးကစားခဲ့ကာ ငယ်ဘဝပြန်ရောက်သွားသကဲ့သို့ဖြစ်ခဲ့ပြီး အေးမြသည့် ဆောင်းရာသီကို နွေးထွေးစွာကြို ဆိုပေးခဲ့သည်။

မစ်သွန်ဂရာမှာ လူပျိုကြီးတစ်ဦးဖြစ်ပြီး ကလေးချစ်တတ်သူတစ်ဦးဖြစ်ကာ ကလေးများနှင့် ရင်းနှီးပျော်ရွှင်စွာ အချိန်ကုန်ဆုံးနေ၍ ပရိသတ်များက လူပျိုကြီး၏အချစ်ရေးသတင်းမှာ ရေရာသေချာခြင်းမရှိဟု မှတ်ချက်ပေးထားကြသည်။

(SKY)





## အူတွင်းဘက်တီးရီယားပိုးမွှားများနှင့် နှလုံးရောဂါအကြား တိုက်ရိုက်ဆက်နွယ်နေကြောင်း လေ့လာတွေ့ရှိ

ဆွီဒင်နိုင်ငံ ဥပ္ပဆာလတက္ကသိုလ် ဆေးဖက်ဆိုင်ရာ သိပ္ပံပညာရပ်များဌာန ပါမောက္ခတော့ဇ်ဖောလ် ဦးဆောင်သော သုတေသီများသည် လန်းတက္ကသိုလ်မှ ဆေးသိပ္ပံပညာရှင်များနှင့်ပူးတွဲပြီး အူတွင်းဘက်တီးရီးယားပိုးမွှားများအကြောင်း စူးစမ်းလေ့လာခဲ့ကြသည်။

ယင်းပူးတွဲလေ့လာမှုမှ ထူးခြားသောသုတေသနရလဒ်တစ်ခု မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း နေးချားသိပ္ပံဂျာနယ်တွင် ဖော်ပြသည်။

အဆိုပါသုတေသနရလဒ်မှာ အူတွင်းဘက်တီးရီယားပိုးမွှားများနှင့် နှလုံးရောဂါအကြား တိုက်ရိုက်ဆက်နွယ်နေသည်ဟူသော အချက်ပင်ဖြစ်သည်။

အဆိုပါပညာရှင်များသည် အသက် ၅၀နှင့် ၆၅နှစ်အကြား အမျိုးသား၊ အမျိုးသမီး ၈၉၇၃ ဦးတို့ကို လက်တွေ့လေ့လာရာမှ ထိုသို့တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Pooja Hegde ပါဝင်သည့် Young Tiger မှာ ငါးရူပီးကြွေးရှင်းတမ်း ဖြစ်

အိန္ဒိယတောင်ပိုင်း ဇာတ်ကားများတွင် ထူးခြားသောဇာတ်ကားဖြစ်သည့် Young Tiger မှာ ငါးရူပီးကြွေးရှင်းတမ်းအကြောင်းဖြစ်ပြီး မင်းသမီးချောပူဂျာဟာဒီး ပါထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားထူးခြားချက်မှာ ဖိုက်တင်ခန်းလိုသလောက်သာပါပြီး ဒိုင်ယာလော့များနှင့် ပေးချင်သည့်ရသကို ပုံဖော်ထားရာ အချစ်နှင့်တွေ့၍ သတ္တိခဲဖြစ်လာပြီး အချစ်ကြောင့် ကြည်နူးပျော်ရွှင်မှုကို ပုံဖော်ထားသည်။

နိုင်ငံရပ်ခြားတွင်ပညာသင်၍ ပြန်လာသော လူငယ်လေး ရွာနှစ်ရွာမသင့်မြတ်မှု ရန်ကြွေးကြောင့် ဖခင်ကွယ်လွန်ခဲ့ရာမှ ပညာ တတ်တစ်ဦးပီသစွာ တုံ့ပြန်ပုံကို မင်းသား ဂျာအန်တီအာရာမာရောနှင့် မင်းသမီး မူဂျာဟာဒီးတို့က အဓိက ပါဝင်ထားကြသည်။

ဘတ်ဂျက် ၉၅ ကာရာ့ခ် အသုံးပြု၍ ၁၅၈ ကာရာ့ခ်ပြန်လည်ရရှိခဲ့၍ အောင်မြင်မှုရရှိပြီး Young Tiger အမည်နှင့် မင်းသားမှာ ကျော်ကြားလာခဲ့သည်။ (SKY)



## အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ




**ရေနံချောင်း ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မေဂျာပေါင်းစုံ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဝင်းစန္ဒာက မောင်မယ်သစ်လွင်ကြိုဆိုပွဲ ပြုလုပ်ရခြင်းနှင့် ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းအသီးသီးတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဆက်လက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*-*



## စာပေချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်း ကျင်းပ

**ဖောင်းပြင် ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက စာပေချစ်မြတ်နိုးသူများအသင်း (Book Club) စာဖတ်ဝိုင်းကို ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးဇော်လင်းအောင်က စာဖတ်ဝိုင်းပြုလုပ်ရခြင်းသည် အသိပညာ ဗဟုသုတ ကြွယ်ဝစေရန်၊ ဉာဏ်ရည် ဉာဏ်သွေး သွက်လက် ထက်မြက်စေရန်၊ အများသူငှာရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်စေရန်၊ အပြောစွမ်းရည်တိုးတက်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

စာဖတ်ဝိုင်းတွင် စာပေချစ်မြတ်နိုးသူ စာဖတ်ပရိသတ် မမျိုးမျိုးသင်းက စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)ရေးသားသည့် အချိန်ကို အသုံးချနည်းစာအုပ်မှ အချိန်ဆိုတာ ဘဝ၊ ဘဝဆိုတာ အချိန်၊ အချိန်ကို တန်ဖိုးထားမှ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်လာမည့် အကြောင်းကို ဦးဆောင်ဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး စာဖတ်ပရိသတ် မောင်လွှင်လွှင်စိုးနှင့် မယုယုခိုင်တို့က အချိန်ကို အသုံးချပြီး လူတွေရဲ့ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည့်အကြောင်းကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စာကြည့်တိုက်ရှင်သန်ရေး ကွင်းဆင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှကျေးရွာ၌ စာကြည့်တိုက်ရှင်သန်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက ယမန်နေ့ နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူထွန်းလင်းနှင့် ဝန်ထမ်းများက စည်ပင်လှကျေးရွာရှိ သုတစံအိမ်စာကြည့်တိုက်အတွင်း၌ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်များ လေဝင်လေထွက် ကောင်းမွန်စေရန် ပြတင်းတံခါးများ ဖွင့်ထားရေး၊ စာအုပ်စာစောင်များ ပျောက်ဆုံးပျက်စီးမှု မရှိစေရေး၊ သုတ၊ ရသ စာအုပ်များ အသစ်ထပ်မံဖြည့်တင်းနိုင်ရေး၊ သုတ၊ ရသ စာအုပ်များအား ရာစုအလိုက် ခွဲပေးခြင်းနှင့် စနစ်တကျ ထားရှိစေရေးအတွက် စာကြည့်တိုက်မှူးများအား မှာကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)**





## ကုန်ထုတ်လမ်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**ဇေယျာသီရိ ဇန်နဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကြီးကျေးရွာ ကုန်ထုတ်လမ်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ရှိသူများက ရပ်မိရပ်ဖများ၊ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရွာသစ်ကြီးကျေးရွာ ကုန်ထုတ်လမ်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ရွာသစ်ကြီးကျေးရွာ၌ အရှည် ပေ ၄၀၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၉ လက်မရှိ ကုန်ထုတ်လမ်း(ရိုစာခင်းခြင်း) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေကျပ် ၃၀ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) နော်လှူး**

*-*-*-*-*-*-*

## ဓနုကျေးရွာအုပ်စု၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဓနုကျေးရွာအုပ်စု၊ ယဉ်တော်စံကျေးရွာ အောင်သိဒ္ဓိကပ်ကျော်ဓမ္မာရုံတွင် အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဦးစီးအရာရှိ ဦးတင်ကိုကိုဝင်း ဦးဆောင်သောအဖွဲ့မှ ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ဓနုကျေးရွာအုပ်စုမှ ပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် မှတ်ပုံတင်များ ပြုလုပ်ပေးခဲ့သည်။

အဆိုပါ ပန်းခင်းစီမံချက်(၃) ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ အကျုံးဝင်ပြည်သူ အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၇၂ ဦး၊ စုစုပေါင်း ၁၁၆ ဦးကို မှတ်ပုံတင်ပြုလုပ်ပေးနိုင်ခဲ့ကြောင်း မြို့နယ်လဝကဦးစီးမှူးထံမှ သိရသည်။

**စိုးသီဟ(အမရ)**



## ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆည်ကုန်းကျေးရွာ ကုန်ထုတ်လမ်း၊တံတားဖောက်လုပ်ပြီးစီးမှုအခြေအနေအား တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်း စစ်ဆေးခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ရှိသူများသည် မိတ္ထီလာမြို့နယ်၊ မြင်းကန်ကျေးရွာအုပ်စု၊ ညကုန်းကျေးရွာမှ လယ်ကွက်အမှတ်(၈၃၁၊ ၈၃၂)သို့ ဆက်သွယ်သည့် ကုန်ထုတ်လမ်း အရှည် ၀/၆ ဒသမ ၈၂ မိုင်လမ်းအား မြေဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအား Sand Cone Method, Plate Bearing Method များဖြင့် လမ်းအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို အရှည် ၀/၆ ဒသမ ၈၂ မိုင်ရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ၄င်းလမ်းပေါ်တွင် အရှည် ၁၈ ပေ၊ အကျယ် ၃ ပေ၊ အမြင့် ၃ ပေရှိ Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံ ငွေကျပ် ၆၉ ဒသမ ၆၅သန်းဖြင့် ဦးစီးဌာနမှ တာဝန်ယူ၍ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**(ဝဲပုံ) (၄၆၉)**

## လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ



**လဟယ်မြို့ ဇန်နဝါရီ ၂၆**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ခွင့်ပြုဆောင်ရွက်လျက်ရှိတဲ့ဌာနများ ဘတ်ဂျက်နှစ်ကုန်တော့မည်ဖြစ်၍ သတ်မှတ်ကာလတွင် အရည်အသွေးပြည့်မီအောင် လုပ်ငန်းအပ်နှံနိုင်ရေး သက်ဆိုင်ရာဌာနအကြီးအကဲကိုယ်တိုင် ကြပ်မတ်ဆောင်ရွက်ပေးရန် နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက မှာကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် နာဂဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသအဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို ဇန်နဝါရီလ ၂၂ ရက် မွန်းလွဲ ၂ နာရီက နာဂဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမတွင်ကျင်းပရာ နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်စကားပြောကြားသည်။

အစည်းအဝေးတွင် နာဂဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးလင်းကိုကိုမှ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ပြီး တက်ရောက်လာကြသော ဒေသအဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ နာဂဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

(၃၉၄)

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ။**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ



**မန္တလေး ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံတွင် ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှုလျော့နည်းပပျောက်စေရန်နှင့် တားဆီးကာကွယ်ရန်၊ ဥပဒေအရထိရောက်စွာကာကွယ်ပေးနိုင်ရန်၊ သင့်တော်ကောင်းမွန်သည့်အလုပ်အကိုင်များ ရရှိဖန်တီးပေးနိုင်စေရန် ရည်ရွယ်၍ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အမှတ်(၂၄) မူလတန်းလွန်ကျောင်းနှင့် ပူးပေါင်းပြီး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် ပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉:၀၀ နာရီက လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ကျင်းပရာ ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက ကလေးအလုပ်သမားအဓိပ္ပာယ်၊ ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက်တာဝန်(၃)ရပ်၊ ကလေးအလုပ်သမားခိုင်းစေမှု၏ နောက်ဆက်တွဲအကျိုးဆက်များ စသည်တို့ကို အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများကို စာကြည့်တိုက်ခန်းမ၌ အခြေခံပန်းချီရေးဆွဲခြင်းပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများကို ကျင်းပပြုလုပ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူ (၂၂)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ် ဦးစီးမှူးနှင့် ကြီးကြပ်ဆရာမများက ဆုများပေးအပ် ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်းနှင့် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားခိုင်းစေမှု လျော့နည်းပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ချမ်းမြေ့)

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နွေနှမ်းဧက နှစ်သောင်းကျော် စိုက်ပျိုးဆောင်ရွက်သွားမည်



**ပွင့်ဖြူ ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းဆီစားသုံးမှုဖူလုံစေရေးအတွက် မဲဇလီရေလွှဲဆည်ရေဖြင့် နွေနှမ်းစိုက်ဧက နှစ်သောင်းကျော် လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက ဒေသတွင်းစားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရဆည်ရေ၊ လျှပ်စစ်ရေတင်စနစ်နှင့် မြေအောက်ရေတို့ကို အကျိုးရှိစွာအသုံးချပြီး မြေပဲ၊ နှမ်း၊ နေကြာသီးနှံနှင့် ပန်းနှမ်းတို့ကို တစ်နှစ်ပတ်လုံး အားထားစိုက်ပျိုးကြကြောင်းသိရပြီး ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း ဒေသခံတောင်သူများက နွေနှမ်းစိုက်ဧက နှစ်သောင်းကျော် လျာထားစိုက်ပျိုးသွားမည်ဖြစ်ကာ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နွေနှမ်းစိုက်ပျိုးမည့်တောင်သူများကို သီးနှံအထွက်နှုန်းများ တိုးတက်စေရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်ရေးနှင့် အပင်အရေအတွက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ အချိုးကျမှန်ကန်စွာ သုံးစွဲတတ်စေရေး စသည့်တောင်သူပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ်နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် စပါး၊ နှမ်း၊ အခြားနွေသီးနှံများကို အားထားစိုက်ပျိုးကြကြောင်း၊ ယခင်နှစ်က နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်း ၂၇၁၉၃ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှု ၄၇၄၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ကာ တစ်ဧက ၁၁ ဒသမ ၉၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

တောင်သူများအနေဖြင့် နှမ်းသီးနှံ အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးဆီဖူလုံစေပြီး ထုတ်လုပ်မှုများ ကောင်းမွန်၍ ပြည်ပမှတင်သွင်းသော စားသုံးဆီဝယ်မှုသုံးစွဲမှု လျော့ချနိုင်မည့်အပြင် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားများလည်း မျှတလာစေကာ ကုန်ဈေးနှုန်းများတည်ငြိမ်၍ တောင်သူများအတွက် သီးနှံဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေမည်ဖြစ်ရာ သီးနှံအထွက်နှုန်းများ တိုးတက်အောင် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

(၄၄၅)

၀-၀-၀-၀-၀

၀-၀-၀

## မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး စက်သုံးဆီဆိုင်များ ကွင်းဆင်းစစ်ဆေး

**အောင်လံ ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန် မြို့ပေါ်အတွင်းရှိ စက်သုံးဆီဆိုင်များတွင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက အောင်လံမြို့နယ် Sun Light စက်သုံးဆီအရောင်းဆိုင်အား ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ပြည့်စုံစွာထားရှိရန်၊ မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသည့် မီးဘေးလုံခြုံရေးဆိုင်ရာ အချက်အလက်များကို လိုက်နာဆောင်ရွက်ကြရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၃)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၁ | - | ၂ | ဘရန့်ဖို့ဒ် |
| စပါး | ၁ | - | ၂ | လက်စတာ |
| ဗီလာ | ၁ | - | ၁ | ဝက်စ်ဟမ်း |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| အေစီမီလန် | ၃ | - | ၂ | ပါးမား |
| အူဒီးနီစ် | ၁ | - | ၂ | ရိုးမား |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ပယ်လက်ကာနို | ၂ | - | ၁ | ဂျီရိုနာ |
| ဆီဗီယာ | ၀ | - | ၃ | ဂီတာဖေး |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၂ | - | ၂ | ဖရန့်ဖတ် |
| စိန့်ပေါ်လီ | ၂ | - | ၀ | ယူနီယံဘာလင် |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| လီဟာဗ | ၀ | - | ၁ | ဘရက် |
| နန့်တက်စ် | ၁ | - | ၁ | လိုင်ယွန် |
| တူးလော့ | ၁ | - | ၂ | မောင့်ပယ်လီယာ |
| လန်းစ် | ၁ | - | ၀ | အန်ဂါစ် |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်အားလုံးအနေဖြင့် "အတ္တနှင့် ပရ" မျှတအောင် ပြုမူကျင့်ကြံ နေထိုင်ကြရန် လိုအပ်...

❖ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာ ရှိရန် လိုအပ်...

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန်နှင့် တွေ့ဆုံဆွေးနွေး၊ ဆောက်လုပ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်တွင် ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် သံတမန်ဆက်ဆံရေး တည်ဆောက်ခဲ့သည်မှာ ၇၅ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အမျိုးသားနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းမူဘောင် (National Spatial Development Framework Plan)ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မြို့ပြနှင့် ကျေးလက်ဒေသများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် Town Plan များရေးဆွဲပေးခြင်း၊ စက်မှုဇုန်များအတွက် ပင်မစီမံကိန်းများ ရေးဆွဲပေးခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလားအလာကောင်းများရှိသော မြန်မာနိုင်ငံမြို့ပြဖွံ့ဖြိုးရေးကဏ္ဍ၊ လမ်းနှင့် တံတားတည်ဆောက်ရေးဆိုင်ရာ ခေတ်မီနည်းပညာများ ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးလိုကြောင်း ပြောကြားခဲ့သည်။



ထို့နောက် ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန် မစ္စတာကျန်းတွမ်ထောင်က မြန်မာနိုင်ငံသည် အိမ်နီးချင်းကောင်းဖြစ်ကြောင်း၊ တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထားကြောင်း၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ချုံချင့်မြူနီစီပယ်အစိုးရအနေဖြင့် ဆောက်လုပ်ရေးကဏ္ဍ အပါအဝင် နယ်ပယ်စုံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း၊ ချုံချင့်မြို့သို့ ရောက်ရှိစဉ် တရုတ်နိုင်ငံမှ ဆောက်လုပ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၊ နည်းပညာကုမ္ပဏီကြီးများနှင့် တွေ့ဆုံ၍ ဆွေးနွေးစေလိုကြောင်း၊ ချုံချင့်မြို့နှင့် ပတ်ဝန်းကျင်အား လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချုံချင့်မြူနီစီပယ်အစိုးရ ကုန်သွယ်ရေးဌာနသို့ သွားရောက်ပြီး ချုံချင့်မြို့ စီးပွားရေးရာကော်မရှင် ညွှန်ကြားရေးမှူးချုပ် မစ္စတာကျန်းရုံဝူနှင့် တာဝန်ရှိသူများ၊ ချုံချင့်မြို့ နိုင်ငံခြားရေးဌာနနှင့် မြို့ပြစီမံကိန်းနှင့် သဘာဝသယံဇာတဗျူရိုမှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကော်မရှင်မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိနှင့်အတူ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းရှင်များ အတူပါရှိလာကြောင်း၊ ဆောက်လုပ်ရေးကဏ္ဍ အပါအဝင် ဘက်စုံထောင့်စုံ ဆွေးနွေးစေလိုကြောင်း ပြောကြားပြီး ချုံချင့်မြူနီစီပယ်အစိုးရ စီးပွားရေးရာကော်မရှင် ညွှန်ကြားရေးမှူးချုပ် မစ္စတာကျန်းရုံဝူက တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ပထဝီဝင်အရ ဖြစ်တည်မှုအခြေအနေ၊ ပူးပေါင်းဆောင်ရွက်နိုင်သည့် စီးပွားရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာတို့ကို ဆွေးနွေးကာ တက်ရောက်လာကြသော တရုတ်နိုင်ငံမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချုံချင့်မြို့နှင့် ရှန်းကျန့်မြို့များသို့ ရောက်ရှိစဉ် အမြန်လမ်းမကြီးများ တည်ဆောက်ထားရှိမှုနှင့် ကွပ်ကဲဆောင်ရွက်နေသည့် အခြေအနေများ၊ တံတားတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းခွင်များ၊ မြို့တွင်းလမ်းမများတွင် သစ်ပင်ပန်းမန်၊ လူသွားစင်္ကြံ ပလက်ဖောင်းများ ဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ ပလက်ဖောင်းတုံးများ ထုတ်လုပ်ဖြန့်ဖြူးသည့် စက်ရုံအလုပ်ရုံများ၊ မြို့ပြနှင့် အိမ်ရာတည်ဆောက်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်လေ့လာခဲ့ကြပြီး ကွမ်ကျိုးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ယနေ့တွင် ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းအား ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် ဇန်နဝါရီ ၂၆**

၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းအား ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုး ငါးဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် ထက်ဖြိုးဝေ၊ ပွဲချိန် ၆၁မိနစ်နှင့် ၆၇မိနစ်တွင် Rintaro၊ ပွဲချိန် ၇၆ မိနစ်တွင် ရဲရင့်အောင်၊ ပွဲချိန် (၉၀+၂)မိနစ်တွင် ကျော်ကိုကိုတို့က အသီးသီး သွင်းယူပေးခဲ့သည်။

၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇) ယှဉ်ပြိုင်ကစားအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက အမှတ်ပေးဇယားအဆင့်(၁)နေရာတွင် ရပ်တည်ပြီး မြဝတီအသင်းက အမှတ်ပေးဇယားအဆင့် (၁၂)နေရာတွင် ရပ်တည်ခဲ့သည်။ **(NGB)**